# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၀

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေး စခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားကြောင်း သိရှိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖



တာမွေမြို့နယ်ရှိ အခြေခံပညာကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

## ရန်ကုန်တိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် တာမွေမြို့နယ်တွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၁ ဦးအထိ ရှိလာ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို နေ့စဉ် စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပြီး ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၈ ရက် အထိ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၃ ❐

## ပွင့်ဖြူ၌ တောင်သူအစုအဖွဲ့များ စုပေါင်း၍ နှမ်းသီးနှံ စုပေါင်းရောင်းချပွဲ ပြုလုပ်

ပွင့်ဖြူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာတွင် တောင်သူအစုအဖွဲ့များ စုပေါင်းကျင်းပသည့် နှမ်းသီးနှံစုပေါင်းရောင်းချပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ နှမ်းများဈေးကောင်းရရှိ၍ လာရောက်ရောင်းချသည့် တောင်သူများ စည်ကားလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

အဆိုပါ တောင်သူအစုအဖွဲ့များ စုပေါင်းပြုလုပ်သည့် နှမ်းစုပေါင်းရောင်းချပွဲကို မြင့်မြတ်တော်ဝင်ကုမ္ပဏီမှ တာဝန်ခံ ဒေါ်မေသန္တာနှင့် ဝန်ထမ်းများအဖွဲ့က တိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့နှင့် ပွင့်ဖြူမြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့တို့နှင့် ပူးပေါင်းပြီး ဇွန် ၃၀ ရက်ကစကာ ဝယ်ယူပေးနေခြင်းဖြစ်ကြောင်း၊ နှမ်းများဝယ်ယူရာ၌ နှမ်းအမျိုးအစားအလိုက် (A,B,C)နှင့် အခြားအဆင့်ဟူ၍ အမျိုးအစားခွဲ၍ ဝယ်ယူကြောင်း သိရသည်။ ဝယ်ယူမှုဈေးနှုန်းအနေဖြင့် နှမ်းနက်(ထိပ်စ) တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀၊ နှမ်းဖြူ(ထိပ်စ)တစ်တင်းလျှင် ငွေကျပ် ၇၉၀၀၀၊ နှမ်းနက်ပတ်လည် တစ်တင်းလျှင် ငွေကျပ် ၇၃၃၃၃ နှုန်းဖြင့် အသီးသီး ဈေးဖွင့်၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ ပွင့်ဖြူမြို့နယ်ဒေသထွက် နှမ်းတွေကို မြင့်မြတ်တော်ဝင်ကုမ္ပဏီက ဈေးကောင်းပေးပြီး လာရောက်ဝယ်ယူပါတယ်။ အခုလို ပွင့်ဖြူမြို့နယ်အထိ လာရောက်ဝယ်ယူတဲ့အတွက် ဒေသတွင်းရှိ နှမ်းရောင်းလိုတဲ့တောင်သူတွေ အချိန်ကုန်လူပင်ပန်းသက်သာစွာနဲ့ ရောင်းချခွင့်ရလို့ အဆင်ပြေပါတယ်။

စာမျက်နှာ ၅ ကော်လံ ၃ ●


**ယနေ့ ဖတ် စ ရာ**

၁၃၈၄ ခုနှစ် (၂၀၂၂ ခုနှစ်)၊ (၂၉) ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန် ကြေညာချက် — ပြည်တွင်းသတင်း စာ - ၃

လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ — ပြည်တွင်းသတင်း စာ - ၅

ပလောက်မြို့၌ မိုးစပါးစိုက်ရာသီတွင် လယ်ဧက ၁၅၀၀၀ ကျော်နှင့် တောင်ယာစပါး ဧက ၃၀၀ ကျော် စိုက်ပျိုးမည် — ပြည်တွင်းသတင်း စာ - ၂၄

# လူဦးရေသန်း ၈၀၀၀ ရှိသော ကမ္ဘာမြေ ခံနိုင်ရည်ရှိသော အနာဂတ်ဖြစ်တည်ဖို့

လူဖြစ်လာသည့်အခါ လူ့ကိစ္စတို့က များလှစွာသည်။ ဃရာဝါသ ကိစ္စမြားမြောင် လူတို့ဘောင်ဟု မြန်မာတွင် ဆိုရိုးရှိသည်။ ကမ္ဘာနှင့်ချီ၍ တိုးလာသည့် လူဦးရေနှင့်အတူ ပေါ်ထွက်လာသည့် လူရေးလူရာ ပြဿနာများကို လူအများဂရုစိုက်အာရုံပြုလာစေရန် အတွက် ကုလသမဂ္ဂက နှစ်စဉ်ဇူလိုင်လ ၁၁ ရက်နေ့ကို “ကမ္ဘာ့လူဦးရေနေ့”အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် အခမ်းအနားများ ကျင်းပလျက်ရှိသည်။

ကမ္ဘာ့လူဦးရေသည် ၁၉၀၀ ပြည့်နှစ်က သန်းပေါင်း ၁၅၀၀ ခန့်ရှိခဲ့ရာမှ နှစ်ပေါင်း ၆၀ ကြာသည့်အခါ နှစ်ဆတိုး၍ သန်းပေါင်း ၃၀၀၀ သို့ ရောက်ရှိခဲ့သည်။ နောက်ထပ်နှစ်ပေါင်း ၄၀ ကြာပြီးသည့် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင်မူ သန်းပေါင်း ၆၀၀၀ သို့ ရောက်ရှိလာပြီး မျက်မှောက်ကာလတွင်မူ ကမ္ဘာမြေပေါ်၌ လူသားဦးရေ သန်းပေါင်း ၈၀၀၀ တို့ ရှင်သန်နေထိုင်လျက်ရှိကြသည်။ လက်ရှိလူဦးရေ တိုးနှုန်းဖြင့်ဆိုလျှင် ခရစ်နှစ် ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ လူသားဦးရေ သန်းပေါင်း ၁၁၂၀၀ သို့ ရောက်ရှိသွားမည်ဖြစ်သည်။

နေစကြာဝဠာတစ်နေရာမှ ကြည့်လျှင် သေးငယ်လှပသော ဂြိုဟ်ပြာကလေးတစ်ခုအဖြစ် တွေ့မြင်ရသည့် ဤမြေကမ္ဘာပေါ်တွင် အတူတကွရှင်သန်နေထိုင်ကြသည့် လူသားတို့အကြား အခွင့်အရေး၊ အခွင့်အလမ်းတို့ တန်းတူညီညွတ်မျှတစွာ ဖြစ်တည်မနေ။ ပစ္စက္ခကာလ၌ပင်လျှင် ကမ္ဘာ့အချို့နေရာတွင် မိုးခေါင်၍၊ အချို့ဒေသများတွင် မိုးများ၍၊ အချို့လျောင်လှုပ်၍ စသည်ဖြင့် သဘာဝဘေးအန္တရာယ်များကို ခံစားနေကြရသလို အချို့လည်း စစ်မက်ဘေးကြောင့် အသက် အိုးအိမ်စည်းစိမ်တို့ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေကြရသည်။ ထို့အပြင် အချို့သော လူ့အဖွဲ့အစည်းများတွင်လည်း မိန်းမဖြစ်ခြင်းကြောင့်၊ မည်သည့်မျိုးနွယ်မှ ဖြစ်ခြင်းကြောင့်၊ မည်သည့်ဇာတ်မှ ဖြစ်ခြင်းကြောင့်၊ မည်သည့် ဘာသာကို ကိုးကွယ်ခြင်းကြောင့်၊ ယောကျာ်းလျာ မိန်းမလျာ ဖြစ်ခြင်းကြောင့်၊ မသန်စွမ်းသူဖြစ်ခြင်းကြောင့်၊ အခြားနိုင်ငံမှ လာသူဖြစ်ခြင်းကြောင့် စသည့်အကြောင်းအမျိုးမျိုးတို့ကို အခြေခံကာ ခွဲခြားဆက်ဆံမှု၊ နှောင့်ယှက်မှု၊ အကြမ်းဖက်မှုတို့ ကျူးလွန်လျက်ရှိကြရာ လူဦးရေတိုးသည်ထက် တိုးလာသည်နှင့် အမျှ ကျားမ မညီမျှမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ ပိုမို တိုးပွားလာဖွယ်ရာရှိသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ “လူဦးရေ သန်း ၈၀၀၀ ရှိသော ကမ္ဘာမြေ-ခံနိုင်ရည်ရှိသော အနာဂတ်ဖြစ်တည်ဖို့၊ အားလုံးအတွက် အခွင့်အလမ်းများ ရယူလို့၊ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များ ပံ့ပိုးကြပါစို့” “A World of 8 Billion: Towards a resilient future for all – Harnessing Opportunities and ensuring rights and choices for all”ဟူ၍ ဖြစ်သည်။ ကမ္ဘာ့လူဦးရေသည် တိုးသည်ထက်တိုးနေမည်သာဖြစ်ရာ လူသားတို့၏ အနာဂတ်သည် လူတိုင်းအတွက် အခွင့်အလမ်းများရရှိနိုင်ရန် လိုအပ်သကဲ့သို့ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များလည်း လူတိုင်း ရရှိနိုင်ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည်လည်း လူဦးရေတိုးနှုန်းအနေဖြင့် ကျဆင်းနေစေကာမူ လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးလာလျက်ရှိနေသည်။ နိုင်ငံ၏ တိုးတက်လာသော လူဦးရေကို နိုင်ငံအတွက် တန်ဖိုးမြင့်သော လူသားအရင်းအမြစ်ဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး ထိရောက်စွာ အသုံးချခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ လူတိုင်းအတွက် အခွင့်အလမ်းများ၊ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များ တိုးတက်ရရှိရေး၊ ဆောင်ကြဉ်းပေးနိုင်မည်ဟု ရှုမြင်ပါကြောင်း။ ။

# အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉.၇.၂၀၂၂ ရက်နေ့မှ ၂၁.၇.၂၀၂၂ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချုပ်လမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာ လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉.၇.၂၀၂၂ ရက်နေ့မှ ၂၁.၇.၂၀၂၂ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ကန့်ဘလူမြို့ အထက(ခွဲ)ညောင်အိုင်၌ အာဇာနည်နေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ကန့်ဘလူ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ညောင်အိုင်တို့ ပူးပေါင်း၍ (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက်နံနက် ၁၀ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အထက်တန်းပြ ဆရာ ဦးကြည်ရှိန် က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမြင့်က မိမိတို့ဌာန၏ လုပ်ဆောင်ချက်များ၊ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးတို့ကို ဟောပြောကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက အထက(ခွဲ) ညောင်အိုင်ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

(၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြပြီး အထက(ခွဲ) ညောင်အိုင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၃၄၈ ဦးခန့် တက်ရောက်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိုးဆက်လက် ပိုနေမည်

**နေပြည်တော် ဇူလိုင် ၁၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**



# ၁၃၈၄ ခုနှစ်(၂၀၂၂ ခုနှစ်)၊ (၂၉)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်၊ (၂၉)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၆ ဌာနတို့၌ ၇-၆-၂၀၂၂(အင်္ဂါ)နေ့မှ ၁၁-၆-၂၀၂၂(စနေ)နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ(၁၆၉၉၈)ပါးရှိပြီး ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေမှာ (၁၁၉၅၂) ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ (၅၃၂၃)ပါး ဖြစ်ရာ (၄၄.၅၄) ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၉၂၉)ပါး၊ လေးကျမ်းအောင်(၆၄၅)ပါး၊ သုံးကျမ်းအောင်(၅၆၅)ပါး၊ နှစ်ကျမ်းအောင် (၄၃၈)ပါး၊ တစ်ကျမ်းအောင်(၉၄၃)ပါး တို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင်(၉၂၉)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) ခုံအမှတ် မင်္ဂလာ/၁၂၇၊ ရှင်ဇနက၊ အသက်(၁၇)နှစ်၊ အဘ ဦးနန်းထွန်း၊ သံဖြူဇရပ်မြို့၊ တိပိဋကမဟာဂန္ဓာရုံကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။(ပထမ)

( ခ) ခုံအမှတ် မရ/၅၉၊ ရှင်သုတာနန္ဒ၊ အသက်(၁၈)နှစ်၊ အဘ ဦးချစ်ထွေး၊ ဒုံဝန်းရွာ၊ သထုံမြို့၊ တိပိဋကမဟာဂန္ဓရုံကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)

( ဂ) ခုံအမှတ် စက/၇၆၊ ရှင်နန္ဒမာလာ၊ အသက်(၁၉)နှစ်၊ ဦးနိုင်ဝင်း၊ ကသစ်စုရွာ၊ မအူပင်မြို့၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။(တတိယ)

(ဃ) သီလရှင် ပထမ ခုံအမှတ် ပသက/၁၈၃၊ မသုမာလာ၊ အသက်(၂၃)နှစ်၊ အဘ ဦးလှမင်း၊ ကြက်ရိုးရွာ၊ ဂန့်ဂေါမြို့၊ ချမ်းမြရုံသီပရိယတ္တိ(သီ)စာသင်တိုက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၇၃)ပါး၊ နှစ်ကျမ်းအောင်(၅၄၅)ပါး၊ တစ်ကျမ်းအောင်(၁၀၃)ပါး တို့ဖြစ်ပါသည်။ သုံးကျမ်းအောင်(၂၇၃)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) ခုံအမှတ် ရက/၃၊ အရှင်ဝိသုတ၊ အသက်(၂၅)နှစ်၊ အဘ ဦးညွန့်မောင်၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။(ပထမ)

( ခ) ခုံအမှတ် ပူရ/၇၊ အရှင်အာလောကာလင်္ကာရ၊ အသက်(၂၉)နှစ်၊ အဘ ဦးမောင်ရိုး၊ ဘီခိုရွာ၊ တွံတေးမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။(ဒုတိယ)

( ဂ) ခုံအမှတ် ပခ/၂၀၊ အရှင်ဇယာနန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ ဦးဇော်လွင်၊ သပြေကန်ရွာ၊ ရွှေဘိုမြို့နယ်၊ ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ (တတိယ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၄)ပါး၊ နှစ်ကျမ်းအောင်(၄၀)ပါး၊ တစ်ကျမ်းအောင်(၃၃)ပါး တို့ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၈)ပါး၊ နှစ်ကျမ်းအောင်(၁၂)ပါး၊ တစ်ကျမ်းအောင်(၇)ပါး တို့ဖြစ်ပါသည်။

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၀၃)ပါး၊ နှစ်ကျမ်းအောင်(၁၇၉)ပါး၊ တစ်ကျမ်းအောင်(၆၉)ပါး တို့ဖြစ်ပါသည်။ သုံးကျမ်းအောင်(၁၀၃)ပါး အနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) ခုံအမှတ် မင်္ဂလာ/၂၃၊ အရှင်နန္ဒိသေနာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ ဦးခွန်သောင်ဖေ၊ ထားအုံရွာ၊ ကျောက်တစ်လုံးကြီးမြို့၊ တောတိုက်ဓမ္မရိပ်သာကျောင်း၊ မင်္ဂလာဒုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

( ခ ) ခုံအမှတ် မရ/၆၊ အရှင်တေဇိန္ဒာလင်္ကာရ၊ အသက်(၃၄)နှစ်၊ အဘ ဦးဉာဏ်လှိုင်၊ အင်ကြင်းပင်ရွာ၊ ဝက်လက်မြို့၊ တိပိဋကမဟာဂန္ဓာရုံကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)

( ဂ ) ခုံအမှတ် တက/၄၊ ရှင်မဏ္ဍလ၊ အသက်(၂၃)နှစ်၊ အဘ ဦးအောင်ထော်၊ ဥသျှကံရွာ၊ ကလောမြို့၊ သာသနာလင်္ကာရကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ (တတိယ)

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်(–)ပါး၊ လေးကျမ်းအောင်(၄)ပါး၊ သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင် (၂)ပါး တို့ဖြစ်ပါသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (–)ပါး၊ လေးကျမ်းအောင်(၄)ပါး၊ သုံးကျမ်းအောင်(–)ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင် (၂)ပါး တို့ဖြစ်ပါသည်။

၁၀။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၁၈၂)ပါး၊ တစ်ကျမ်းအောင်(၁၇၄)ပါး တို့ဖြစ်ပါသည်။ နှစ်ကျမ်းအောင်(၁၈၂)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ခုံအမှတ် စိန်/၄၊ အရှင်အာစိဏ္ဏာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဘ ဦးခင်မောင်စန်း၊ အင်းတဲရွာ၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။(ပထမ)

( ခ ) ခုံအမှတ် ဗဟ/၆၊ အရှင်ဝိစိတ္တသာရာလင်္ကာရ၊ အသက်(၂၆)နှစ်၊ အဘ ဦးဝင်းထွေးအောင်၊ တောင်စွန်း၊ မဟာဝိသုဒ္ဓါရုံ(ပါ)ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။(ဒုတိယ)

( ဂ ) ခုံအမှတ် မဟမ/၅၊ အရှင်သုနန္ဒရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ ဦးမြင့်ကောင်း၊ ပျားရွာ၊ တံတားဦးမြို့၊ ဓမ္မပါကဋ္ဌကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့၊ မန္တလေးတိုင်းဒေသကြီး။(တတိယ)

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၁)ပါး၊ သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင် (၃)ပါး တို့ဖြစ်ပါသည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(၆)ပါး၊ တစ်ကျမ်းအောင်(၁၃)ပါး တို့ဖြစ်ပါသည်။

၁၃။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(–)ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင်(၄)ပါး တို့ဖြစ်ပါသည်။

၁၄။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) အင်္ဂုတ္တိုရ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၁)ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင် (၁)ပါး တို့ဖြစ်ပါသည်။

၁၅။ အုပ်စု(၆) ခုဒ္ဒကနိကာယ(သုတ္တန္တပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်(၁)ပါး၊ လေးကျမ်းအောင်(–)ပါး၊ သုံးကျမ်းအောင်(–)ပါး၊ နှစ်ကျမ်းအောင် (–)ပါး၊ တစ်ကျမ်းအောင်(–)ပါး တို့ဖြစ်ပါသည်။

၁၆။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၂)ပါး၊ တစ်ကျမ်းအောင်(–)ပါး တို့ဖြစ်ပါသည်။

၁၇။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)အဋ္ဌကထာ(မဟာဝိဒူတန်း) ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင်(၁)ပါး ဖြစ်ပါသည်။

၁၈။ ၁၃၈၄ ခုနှစ်(၂၀၂၂ ခုနှစ်) (၂၉) ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကို ဝိဒူတန်း အုပ်စု (၉)အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၆)အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၅၃၂၃ ပါး ဖြစ်ပါသည်။

၁၉။ ၁၃၈၄ ခုနှစ်(၂၀၂၂ခုနှစ်) (၂၉) ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန website www.dra.org.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေး (South East Asian Games Federation Council Meeting) သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အဖွဲ့ဝင် ငါးဦးတို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့သည် SEAGF Council Meeting သို့ တက်ရောက်မည်ဖြစ်ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင် က SEAGF Sports and Rule Committee အစည်းအဝေးကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာ စိုးမင်းဦး က SEAGF Medical အစည်းအဝေးကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြ က SEAGF Women and Sports Committee အစည်းအဝေးကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထက်မွန် က SEAGF Broadcast Committee အစည်းအဝေးကိုလည်းကောင်း တက်ရောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# နှစ်စဉ် ဆီတန်ချိန် တစ်သန်းခန့် လိုအပ်မှုကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ




**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ တတိယအကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က စိုက်ပျိုးရာသီ တစ်ရာသီနှစ်ရာသီအတွင်း စားသုံးဆီ သိသိသာသာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆီထွက်သီးနှံ နေကြာ ဧက ၁၅ သိန်း တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော စားသုံးဆီဈေးနှုန်း အပြောင်းအလဲများကြောင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို ထိခိုက်မှုမရှိစေရေးနှင့် ဆီထွက်သီးနှံကုန်ကြမ်း တင်ပို့ရောင်းချနေမှုမှ အရည်အသွေးမြင့်စားသုံးဆီ တင်ပို့သော နိုင်ငံအဖြစ်ရပ်တည်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ဆီထွက်နေကြာ တိုးတက်စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်သည့် နေကြာမျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ယင်းလုပ်ငန်းအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ခြင်း၊ ဆီထွက်သီးနှံစိုက်ပျိုးစရိတ် ပံ့ပိုးမှုအစီအစဉ်အနေဖြင့် နေကြာသီးနှံ စိုက်ပျိုးစရိတ်ကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ ချေးငွေအဖြစ် ပံ့ပိုးပေးခြင်းအပြင် နေကြာမျိုးစေ့ထုတ်လုပ်သူအတွက် ငွေကျပ် ၈၀၀၀၀ တိုးမြှင့်ထုတ်ချေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့သော အခြေအနေကောင်းများကို အမိအရဆုပ်ကိုင်ပြီး သက်ဆိုင်ရာ လုပ်ငန်းရှင်များအချင်းချင်းအကြား၊ သက်ဆိုင်ရာ အသင်းအဖွဲ့များအကြား ညီညီညွတ်ညွတ် ပူးပေါင်းပြီး စားသုံးဆီ ကဏ္ဍဖွံ့ဖြိုးရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လက်ရှိ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုစာရင်းများအရ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းအထိ တစ်နိုင်ငံလုံး၌ ဆီစက် အကြီးစား ၂၃၀ ကျော်၊ ဆီစက် အလတ်စား ၉၂၀ ကျော်၊ ဆီစက်ငယ် ၃၁၀၀ ကျော်ရှိသဖြင့် ဆီစက်အကြီးစားမှာ တစ်နိုင်ငံလုံးရှိ ဆီစက်အားလုံး၏ ၅ ရာခိုင်နှုန်းသာရှိနေပြီး ဆီစက်အလတ်စား ၂၁ ရာခိုင်နှုန်း၊ ဆီစက်ငယ် ၇၃ ရာခိုင်နှုန်း ရှိသည်ကို တွေ့နိုင်ကြောင်း၊ တစ်နှစ်လျှင် စားသုံးဆီထုတ်လုပ်မှု တန်ချိန် ၆၆၀၀၀ ကျော်သာရှိ၍ ဆီစက်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံရေးသာမက စားသုံးဆီတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်သည့် အလားအလာကောင်းများ ရှိနေကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရန် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းနှင့် ညီနောင်အသင်းများက ကျရာအခန်းကဏ္ဍများက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း က ဆီထွက်သီးနှံ စိုက်ပျိုးရေးအတွက် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်အသင်းက လိုအပ်နေသော စက်ယန္တရားကြီးများ၊ စွမ်းအားမြင့် လယ်ထွန်စက်ကြီးများ၊ မျိုးစေ့ချစက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ထုတ်လုပ်ခြင်းအတွက် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြုလုပ်ငန်းများ၊ နေကြာဆီကြမ်းများကို ပြန်လည်သန့်စင်မည့်နည်းပညာနှင့် စက်ပစ္စည်းဆိုင်ရာ အသိပညာများကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက နှစ်စဉ် ဆီတန်ချိန် တစ်သန်းခန့် လိုအပ်မှုကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းဆီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် နိုင်ငံခြားသုံးငွေ လျှော့ချနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် သုံးစွဲမှုအပေါ်အခြေခံပြီး ပြည်ပဆီတင်သွင်းမှုလျှော့ချရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသကဲ့သို့ တစ်ချိန်တည်းတွင် အဆင့်မြင့်ဆီစက်ကြီးများ ထူထောင်ရန် လိုအပ်နေမှုအပေါ် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် လိုအပ်သည်များကို အပြည့်အဝဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစားအစာဘေးကင်းလုံခြုံရေးနှင့် ကုန်ပစ္စည်းအညွှန်းစာများ မှန်ကန်ရေး၊ ကုန်ပစ္စည်းအရည်အသွေး ထိန်းချုပ်ဆောင်ရွက်ရေး လိုအပ်ချက်များကို ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌက အသင်းဖြစ်တည်လာမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ဆီစက်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချ

**နေပြည်တော် ဇူလိုင် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းစီစဉ်မှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့အတွင်း သစ်တောပြုန်းတီးနေရာ ငါးနေရာတို့တွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ပြုလုပ်သည်။



၂၀၂၂ ခုနှစ်၊ မိုးရာသီ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း အထက်ဆင်သေကြိုးဝိုင်းရှိ နေရာ သုံးနေရာ၊ ဧရိယာ ၈၈ ဒသမ ၉၆ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား ရှစ်မျိုးဖြစ်သည့် မြန်မာကုက္ကို၊ သဘော်ကုက္ကို၊ စစ်၊ မဲဇလီ၊ ဘောစကိုင်း၊ ဘုံမဲဇာ၊ မန်ကျန်ရှားနှင့် ရေသကျည်းသစ်စေ့များ ပါဝင်သော သစ်စေ့မြေလုံး စုစုပေါင်း တစ်သိန်း ကြဲချခြင်းအစီအစဉ်သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်/သစ်တောရေးရာ) ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်း အင်းလေးအရှေ့ကြိုးဝိုင်းနှင့် အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားများဖြစ်သည့် မဲဇလီ၊ ကုလားကုက္ကို၊ ရင်းမာ၊ ပျဉ်းမ၊ ရေသကျည်း၊ ဘောစကိုင်း၊ သစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း နှစ်သိန်း ကြဲချရေးလုပ်ငန်းများ ဆောင်ရွက်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးသည်။

အလားတူ ၂၀၂၁ ခုနှစ် မိုးရာသီတွင်လည်း တပ်မတော်လေ၏ ရဟတ်ယာဉ်အကူအညီကိုရယူ၍ သစ်စေ့မြေလုံးကြဲခြင်းကို ရှမ်းပြည်နယ် အင်းလေးကန်ရေဝေရေလဲဧရိယာနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာတို့တွင် ဆောင်ရွက်ခဲ့သည်။

၂၀၂၂ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဒေသများတွင် သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်ရှင်သန်နိုင်မှု စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုယ့်အခွင့်အရေး

ကျွန်တော်တို့ဗမာတွေရဲ့ တာဝန်ဝတ္တရားတွေကို ကျွန်တော် အထူးပြောပြလိုပါတယ်။ ကမ္ဘာ့နိုင်ငံရေး စကားတစ်ခုရှိပါတယ်။ ဘယ်လူမျိုး၊ ဘယ်တိုင်းနိုင်ငံမဆို မိမိတို့ ထိုက်တန်သလောက်သာ မိမိတို့ အခွင့်အရေးရကြတယ်လို့ စကားရှိပါတယ်။ ကိုယ့်အခွင့်အရေးဆိုတာ သူများ နှိုသက်ခံပြီးရတဲ့ ကိစ္စမျိုး မဟုတ်ဘူး။

**(၁၉၄၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် သတင်းစာကိုယ်စားလှယ်များက ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ သွားရောက်မေးမြန်းကြရာ ပြန်လည်ဖြေကြားချက်မှ ကောက်နုတ်ချက်)**

# လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်ခဲ့သည့် လားဟူဒီမိုကရက်တစ်အစည်း အရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာဆော် လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရှမ်းပြည်နယ် တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသည်။

အဆိုပါ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသား အားလုံး၏ ဆန္ဒအမှန် ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသား တွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်း ကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် တာချီလိတ် လေဆိပ်သို့ ရောက်ရှိကြရာ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပါတီနိုင်ငံ ရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများက **နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီမှ တစ်နိုင်ငံလုံးငြိမ်းချမ်းရေး ဆောင်ရွက်မှုများ အောင်မြင်ပါစေ၊ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ကြိုဆို ထောက်ခံပါသည်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်ရ မည်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်** စသည့် စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍ လေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လက်ပံတန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လက်ပံတန်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ သစ်တောသစ်ပင်များထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနက ဦးဆောင်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လက်ပံတန်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းဝင်းတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ရေတမာနှင့် မန်ကျည်းရှားပျိုးပင်ပေါင်း ၃၂၀ ကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



● *ရှေ့ဖုံးမှ*

နှမ်းဝယ်ယူခြင်းကို တောင်သူတွေ အဆင်ပြေစွာ ရောင်းချနိုင်ရေးအတွက် တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့နဲ့ မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းပြီး အခုလို တောင်သူတွေ နှမ်းသီးနှံစုပေါင်းရောင်းချပွဲကို စီစဉ်ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ ရက်ပေါင်း ၄၀ လောက်အထိ ဝယ်ယူသွားဖို့ စီစဉ်ထားရှိတယ်လို့လည်း သိရပါတယ်။ နှမ်းဝယ်ယူရာမှာ နှမ်းအမျိုးအစားအလိုက် (A,B,C) နှင့် အခြားအဆင့်ဆိုပြီး လေးမျိုးလေးစားခွဲ ဝယ်ယူတာ ဖြစ်ပါတယ်။ နှမ်းဝယ်ယူတာကို ဥပုသ်နေ့ကလွဲပြီး နေ့တိုင်း နံနက် ၈ နာရီခွဲကနေ ညနေ ၅ နာရီအထိ ဝယ်ယူပေးနေတာ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် နှမ်းလာရောက်ရောင်းချတဲ့သူတွေလည်း အလွန်များတယ်။ ဈေးကောင်းရလို့ တောင်သူတွေ ဝမ်းသာပျော်ရွှင်နေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်မှ တောင်သူများသည် ယခုနှစ်တွင် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများမှာ စိုက်ပျိုးရေအဆင်ပြေသည့်အတွက် အောင်မြင်ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကောင်းမွန်ကာ ယခုသီးနှံပေါ်ဦးပေါ်ဖျားတွင် နှမ်းများကို ဈေးကောင်းကောင်းနှင့် ရောင်းချရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

❐ *ရှေ့ဖုံးမှ*

ထိုကဲ့သို့ တာမွေမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ခြင်များခိုအောင်းနိုင်သည့် နေရာများနှင့် ခြင်များပေါက်ပွားနိုင်သည့် ရေတင်ကျန်နေသော ဘူး၊ ခွက်၊ တာယာဟောင်းများနှင့် စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ မြို့နယ်အတွင်း ရေစီးဆင်းမှုမရှိသည့် ပိတ်ဆို့နေသော ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် အထူးအလေးထားဆောင်ရွက်ခြင်း၊ ရေစည်၊ရေအိုးများနှင့် ရေသိုလှောင်ကန်များအတွင်း ခြင်များပေါက်ပွားမှု ကင်းဝေးစေရေးအတွက် အဘိတ်ဆေးများ လိုက်လံခတ်ပေးခြင်း၊ ခြင်များခိုအောင်းနိုင်ခြင်းမရှိစေရေးအတွက် ခြင်ဆေးများမှုတ်ပေးခြင်း စသည်ဖြင့် မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကင်းဝေးစေရေးအတွက် အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ၂၀၂၁ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၆၇ ဦးအထိ ရှိပြီး ယခုနှစ်တွင် ၃၁ ဦးအထိ ရှိလာပြီဖြစ်သောကြောင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုသဌာန ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ဇွန်လအထိ ရင်ခေါင်းဖွင့်၍ ဆောင်ရွက်ခွဲစိတ်ကုသမှုများ ၁၅၆ ကြိမ် ဆောင်ရွက်ခဲ့

**နေပြည်တော် ဇူလိုင် ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဇူလိုင် ၈ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုသဌာနသို့ သွားရောက်၍ ဆေးကုသရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုကာ နှလုံးအဆို့ရှင် အစားထိုးခွဲစိတ်ကုသမှုနှင့် နှလုံးသွေးကြောခွဲစိတ်ကုသမှု ခံယူထားသော လူနာများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုသဌာနတွင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ဇွန်လအထိ ရင်ခေါင်းဖွင့်၍ ဆောင်ရွက်သည့် ခွဲစိတ်ကုသမှုများဖြစ်သော နှလုံးအဆို့ရှင်ပြုပြင်ခြင်းနှင့် လဲလှယ်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှု အကြိမ် ၃၀၊ မွေးရာပါနှလုံးရောဂါ ခွဲစိတ်ကုသမှု ၂၉ ကြိမ်၊ နှလုံးသွေးကြောအစားထိုးခြင်း ခွဲစိတ်ကုသမှု ၄၉ ကြိမ်၊ အဓိကသွေးလွှတ်ကြော ခွဲစိတ်ကုသမှု ၈ ကြိမ်တို့အပြင် သွေးကြောအစားထိုးခြင်း/ ခွဲစိတ်ကုသ၍ ပြုပြင်ခြင်း ၈၆ ကြိမ်၊ နှလုံးအမြှေးပါးသွေးယိုစီးခြင်း ကုသမှု၊ အဓိကသွေးလွှတ်ကြောအရေးပေါ်ခွဲစိတ်ကုသမှုအပါအဝင် နှလုံးနှင့်ပတ်သက်သည့် အရေးပေါ်ခွဲစိတ်ကုသမှုများ ၁၅၆ ကြိမ် ဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး-ပုသိမ်မြို့ ကိုးထပ်တိုးချဲ့ဆောင်အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီး-ပုသိမ်မြို့မှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အဆောက်အဦအထူးအဖွဲ့ (၅)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တိုးချဲ့ဆောင်သစ်နှင့် အဆောင်ဟောင်းများတွင် လူနာဆောင်များ၊ ဆေးကုသရေးနှင့် ရောဂါရှာဖွေရေးဌာနများကို နေရာချထားရာတွင် ဆေးကုသရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေရေး စနစ်တကျစီမံခန့်ခွဲ နေရာချထားရန်နှင့် အထူးကုဆရာဝန်ကြီးများကလည်း ပူးပေါင်းအကြံပြု ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်သူများ လူနာများနှင့် ဆက်ဆံရေး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ကြခြင်းဖြင့် ဆေးကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်ကိုလည်း ဆက်လက်အလေးထား ဆောင်ရွက်ပေးရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကိုးထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကာ ပြည်သူ့ဆေးရုံကြီး-ပုသိမ်မြို့၏ သွားနှင့်ခံတွင်းဌာန၊ ရောဂါရှာဖွေရေးဓာတ်ခွဲဌာန၊ သွေးလှူဘဏ်၊ ကလေးကုသဆောင်၊ ဆေးကုသဆောင်၊ ကျောက်ကပ်သွေးသန့်စင်ခန်း၊ ဓာတ်မှန်ဌာနတွင် CT, MRI တပ်ဆင်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုပြီး လူနာနှင့်လူနာစောင့်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သူနာပြု၊ သားဖွားသင်တန်းကျောင်း၊ ပုသိမ်မြို့သို့သွားရောက်ကာ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းကျောင်းရှိ skill lab နှင့် library တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ သွားရောက်ကာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများက ဦးစီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းတက်ရောက်နေကြသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး မအူပင်မြို့သို့သွားရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းနိုင်ရန် ဘက်စုံထောင့်စုံမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မအူပင်ဆေးရုံကြီးအတွက် လိုအပ်သည့် ဆေးဝါး၊ စက်ပစ္စည်းနှင့် ဝန်ထမ်းအင်အားကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

# ပေါင်းတည်မြို့နယ်၌ နွေစပါးဧက ၂၅၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး ရေတံခါးဆောက်လုပ်

**ပေါင်းတည် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၈ နာရီခွဲက ပေါင်းတည်မြို့နယ် ရန်ကုန်-ပြည် ကားလမ်းဘေးရှိ နွေစပါးဧက ၂၅၀ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဘဲစာရိုးရေထိန်းရေမြှင့်ရန်အတွက် ရေတံခါးဆောက်လုပ်ခြင်း၊ ရေပေးတူးမြောင်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်နေရာများသို့ ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ သဖန်းပင်ဆိပ်ကျေးရွာအုပ်စု သပြေကုန်းကျေးရွာ ရန်ကုန် - ပြည် ကားလမ်းဘေး၌ တည်ဆောက်လျက်ရှိသည့် (ပဒေသာ) စက်သုံးဆီ အရောင်းဆိုင်ကို စစ်ဆေးပြီး နတ်မော်ကျေးရွာရှိ မင်းသားကြီးတိုင်းရင်း ကြက်ခြံရှိ ကြက်ဥဖောက်စက်နှင့် မျိုးကြက်ခြံကို လေ့လာကြည့်ရှုကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်/ကြပ် အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**



# မြစ်ကြီးနားတက္ကသိုလ် ဆွမ်းပရာဘွမ်၊ ဖုန်ဂန်ရာဇီ၊ ဆဒုံးဘွမ်မောင်နှမဆောင်များနေ ကျောင်းသား ကျောင်းသူများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေးထောက်ပံ့

**မြစ်ကြီးနား ဇူလိုင် ၁၀**

၂၀၁၉ -၂၀၂၀ ၊ ၂၀၂၁ - ၂၀၂၂ ၊ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်များအတွက် မြစ်ကြီးနားတက္ကသိုလ်၌ ဆွမ်းပရာဘွမ်၊ ဖုန်ဂန်ရာဇီ၊ ဆဒုံးဘွမ်မောင်နှမဆောင်များတွင် နေထိုင်၍ ပညာသင်ကြားလျက်ရှိသော အဆောင်နေ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ဇူလိုင် ၉ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။



တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုလို တက္ကသိုလ်တွင် ပညာရပ်အသီးသီးကို သင်ယူဆည်းပူးနေစဉ်ကာလအတွင်း ကျောင်းဆောင်တွင် အတူနေထိုင်ခွင့်ရရှိပြီး အသိပညာ၊ အတတ်ပညာ အလိမ္မာများတိုးပွားအောင် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် ပြည်နယ်နှင့် နိုင်ငံ၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ကြသည့်အခါတွင်လည်း အဆောင်နေဘဝမှ ရရှိခဲ့သည့် တစ်ဦးကိုတစ်ဦး စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အတွေ့အကြုံများကို အသုံးချတတ်ရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးက အားပေးအမှာစကားပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက ကျောင်းသား ကျောင်းသူများအား လမ်းညွှန်အမှာစကားပြောကြားပြီး တက္ကသိုလ်ကျောင်းသားဟောင်းတစ်ဦးက မိတ်ဆက်စကားပြောကြားကာ ပညာသင်နှစ်အလိုက် ကျောင်းသား ကျောင်းသူများက အချင်းချင်းကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားများ အပြန်အလှန်ပြောကြားကြသည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ် ဆွမ်းပရာဘွမ်၊ ဖုန်ဂန်ရာဇီ၊ ဆဒုံးဘွမ် မောင်နှမဆောင်များနေ ကျောင်းသား ကျောင်းသူများအတွက် မတည်ရန်ပုံငွေအဖြစ် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် ၁၅ သိန်း (ဝဲပုံ) နှင့် တိုင်းမှူးက ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ကြပြီးဘူမိဗေဒပါမောက္ခ ဒေါက်တာတင်ဇော်ဦးက ဖူဆယ်နှင့် ပိုက်ကျော်ခြင်းအားကစားထူးချွန်ဆုရကျောင်းသားနှင့် ဓာတုဗေဒတွဲဖက်ပါမောက္ခ ဒေါ်ခင်မလတ်က ကြက်တောင်နှင့် ဖူဆယ်အမျိုးသမီး အားကစားထူးချွန်ဆုရ ကျောင်းသူများအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများက ပညာသင်နှစ်အလိုက် ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ တေးသရုပ်ဖော် အကအလှုများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး မောင်နှမဆောင်များနေ ကျောင်းသား ကျောင်းသူများ၏ မိတ်ဆုံညစာအား အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများ မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးကြည့်ရှု၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ရောက်ရှိသွားရောက်ခဲ့ပြီး ...



ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို တာဝန်ရှိသူများက လမ်းအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက B.O.T ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ အနေဖြင့် မြေပြင်အခြေအနေ ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး လုပ်ငန်းပြီးစီးမှုများနှင့် အမှန်တကယ် ကိုက်ညီမှု ရှိ/မရှိ မှတ်တမ်းထားရှိ ဆောင်ရွက်ရန် လိုကြောင်း B.O.T ကုမ္ပဏီများ အနေဖြင့် လျာထားစီမံချက် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး-မိုးကုတ်လမ်း မိုင်(၁၀/၀) မှ (၁၃/၀) အတွင်း အမာခံလမ်းလုပ်ငန်းနှင့် ထပ်ပိုးကတ္တရာလမ်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်းအမှတ် (၅၀၆) တွင် ဆောင်ရွက်လျက်ရှိသည့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ စီမံကိန်းနေရာသို့ သွားရောက်ပြီး စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၁၅လုံးကို သတ်မှတ်ကာလအတွင်း စီမံချက်အတိုင်း ပြီးစီးရန် လိုကြောင်း၊ ရေသိုလှောင်မှု၊ ရေလိုအပ်ချက်၊ ရေပေးဝေမှုစနစ်များ ဟန်ချက်ညီ ပြီးစီးရေး ဆောင်ရွက်ရန်လိုကြောင်း၊ သွားလာမှု အဆင်ပြေစေရေး ယာဉ်လိုင်းများ ဝင်/ထွက် ရပ်နားသွားလာမှုအတွက် ကြိုတင်စီမံထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။ ထို့နောက် ဆောက်လုပ်ပြီးတိုက်ခန်းနေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းနှင့် ၂၇ ၊ ၂၈ လမ်းကြားတွင် ဆောင်ရွက်နေသည့် ခုတင် ၅၅၀ ဆံ့ ကလေးအထူးကုဆေးရုံကြီး ရှစ်ထပ်အဆောက်အအုံ တိုးချဲ့လူနာဆောင် ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်ပြီးစီးရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးတို့အား အလေးထားဆောင်ရွက်ရန် မှာကြားပြီး ခုတင် ၅၅၀ ဆံ့ ကလေးအထူးကုဆေးရုံကြီး ရှစ်ထပ် အဆောက်အအုံတိုးချဲ့ လူနာဆောင်အထပ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်တွင် ကျောင်းပြန်မအပ်နိုင်၊ ကျောင်းမတက်ရောက်နိုင်သည့် ကျောင်းသား ကျောင်းသူများ အုပ်ထိန်းသူမိဘများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံ

**သာပေါင်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဇူလိုင် ၁၀ ရက်က အခြေခံပညာ အထက်တန်းကျောင်း (လှေကြီးတတ်) အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျရှုံးသူများနှင့် ၂၀၁၉-၂၀၂၂ ခုနှစ် နဝမတန်းအောင်မြင်ပြီး ကျောင်းပြန်မအပ်နိုင်သည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းမတက်ရောက်နိုင်သည့် ကျောင်းသား ကျောင်းသူများ၊ အုပ်ထိန်းသူမိဘများနှင့်တွေ့ဆုံ၍ ကျောင်းအမြန်အပ်နှံနိုင်ရေး တွေ့ဆုံဆွေးနွေးဆောင်ရွက်ကြသည်။

ထိုသို့ တွေ့ဆုံ၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဇေထိုက်၊ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်ခိုင်စိုး၊ ကျောင်းအုပ်ဆရာကြီး ဦးစိုးနိုင်ဦး၊ ကျောင်းအုပ် ဆရာ ဆရာမကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလေးမောင်တို့က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ရောက်နိုင်သည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျရှုံးခဲ့သည့် ကျောင်းသား ကျောင်းသူ ၃၆ဦးနှင့် ၂၀၁၉-၂၀၂၂ခုနှစ် နဝမတန်း အောင်မြင်ပြီး ကျောင်းပြန်မအပ်နိုင်သည့် ကျောင်းသား ကျောင်းသူ ၂၇ ဦးတို့၏ မိဘများနှင့် တွေ့ဆုံ၍ မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို အနာဂတ်မပျက်စီးစေရန်၊ ပညာသင်ကြားရမည့် အရွယ်တွင် ပညာသင်ကြားနိုင်စေရန်၊ လူငယ်လူရွယ်ဘဝတွင် မျှော်လင့်ချက်မဲ့စွာဖြင့် ဘဝကို မဖြုတ်သန်းစေရန်၊ ပညာရေးကိုသာ အလေးထားသင်ကြားနိုင်စေရန်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊



မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ကျောင်းမတက်သည့်သူများ၊ ကျောင်းမအပ်နှံသေးသည့်သူများ ကျောင်းတက်ရောက်ရေး၊ ကျောင်းအပ်နှံရေး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းအမြန် ပြန်လည်အပ်နှံ တက်ရောက်ရန် ဆွေးနွေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

# စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်ကြီး (၃၇)ကြိမ်မြောက် အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ



**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး (၃၇)ကြိမ်မြောက် အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့ ခေမာသီဝံကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တပညာသီရိ ဆရာတော် ကြီးထံတော်မှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး စစ်ကိုင်းမြို့ ဇေယျာညွန့်ကျောင်း ဘဒ္ဒန္တသုမန ဆရာတော်က အသံမစဲမဟာပဌာန်းပွဲ အောင်မြင်ကြောင်း အောင်သြဘာ ပတ္ထနာအား ရွတ်ဖတ်ပူဇော်ကာ ဆွမ်းဦးပုညရှင် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ကျေးဇူးတင် ဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ထို့နောက် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော် သြဝါဒါစရိယ ရတနာစူဠံကျောင်းတိုက် တိုင်းသံဃနာယက ဥက္ကဋ္ဌ(ရွှေကျင်) အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တဇောတိက ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ဆက်လက်၍ စစ်ကိုင်းတောင်ရိုးရှိ ကျောင်းတိုက် အသီးသီးတို့မှ ပင့်သံဃာ ဆရာတော်ကြီးများနှင့် သံဃာတော် ၉၇ ပါး၊ သီလရှင် ၉၇ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် (အပေါ်ပုံ)နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုး ပတ္တမြား စေတီတော် အတက်လမ်း အရှည် ပေ ၄၅၀၀၊ အကျယ် ၁၄ ပေ၊ ၆ လက်မထု ကွန်ကရစ်လမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၁၀၀ နှင့် ဘိလပ်မြေအိတ် ၃၅၀၀ အား ကူညီပံ့ပိုးပေးအပ်ကာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရေး စေတီတော်ကြီး ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ငါးထပ်ကြီး စေတီတော်ကြီးတွင် ပြုလုပ်သည့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ထောက်ပံ့ငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းမြို့ရှိ ထေရ်ရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ သီရိဓမ္မာရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ အောင်ချမ်းသာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ဖွဲ့သင်းကျေးရွာရှိ မဇ္ဈိမာရုံကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ဝါဆိုသင်္ကန်းများ၊နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အောင်မင်္ဂလာသိဒ္ဓိရွှေကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒ ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အဘယသုတာရာမ စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ လှိုင်ကြူကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၆၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာသယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင်ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

သတင်းစဉ်

# လောက်ကိုင်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ ပြည်သူ့စစ် (ဌာနေ)အဖွဲ့ဝင်များကို ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန် ရှိသူများက ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များ အတွက် စားသောက်ဖွယ်ရာများ နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား လောက်ကိုင်မြို့ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းရုံး၌ သွားရောက်တွေ့ဆုံသည်။



ဦးစွာတိုင်းမှူးက အမှာစကား ပြောကြားပြီး(**အပေါ်ပုံ**) စစ်မှုထမ်း ဟောင်း အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ် သည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ်တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် လေအိတ်ရထားတွဲဆိုင်းများဖြင့် ဇူလိုင် ၁၀ရက်မှစ၍ အစုန်/အဆန် နေ့စဉ်ပြေးဆွဲ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲပေးခြင်းအား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။



**ရထား ၅၄ စင်း ပြေးဆွဲပေးလျက်ရှိ**

ကိုဗစ်-၁၉ တတိယလှိုင်းအပြီးတွင် ရုံးဌာနများ၊ စက်ရုံ/အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ချိန်မှစ၍ ခရီးသွားလာကြမည့် ပြည်သူများနှင့် ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားက ခရီးစဉ်များ ပြေးဆွဲပေးခဲ့ရာ ဇွန် ၃၀ ရက်အထိ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမြန်ရထား နှစ်စင်း၊ စာပို့ရထား နှစ်စင်း၊ လူစီးကုန်တင်ရထား နှစ်စင်း၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်းတွင် အမြန်ရထား နှစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမြန်ရထား နှစ်စင်း၊ စာပို့ရထား လေးစင်း၊ နေပြည်တော်-တောင်တွင်းကြီးလမ်းပိုင်းတွင် လူစီးကုန်တင်ရထား နှစ်စင်း၊ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းပိုင်းတွင် စာပို့ရထား နှစ်စင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် စာပို့ရထား နှစ်စင်း၊ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်းတွင် စာပို့ရထား နှစ်စင်း၊ မန္တလေး-မတ္တရာ - သူရဲဈေးလမ်းပိုင်းတွင် လူစီးကုန်တင်ရထား နှစ်စင်း၊ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းတွင် စာပို့ရထား လေးစင်း စုစုပေါင်း ၂၈ စင်းနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် RBE ရထား ၂၆ စင်း စုစုပေါင်း ၅၄ စင်း ပြေးဆွဲပေးလျက်ရှိသည်။

**ခရီးသွားလာမှု အဆင်ပြေစေရေး**

လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် ရထားစီးနင်း၍ ခရီးသွားလာမှု များပြားလာခြင်းကြောင့် ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ဇူလိုင် ၁၀ ရက်မှစ၍ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် လေအိတ်ရထားတွဲဆိုင်းများဖြင့် ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ရန်ကုန် အမြန်ရထား နှစ်စင်းအား အစုန်/အဆန် နေ့စဉ်ပြေးဆွဲပေးသွားမည် ဖြစ်သည်။

ဆက်လက်၍ ဇူလိုင်၂၅ ရက်၌ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် ရန်ကုန်မှ မော်လမြိုင်၊ မော်လမြိုင်မှ ရန်ကုန် အမြန်ရထား နှစ်စင်းအား နေ့စဉ် အစုန်/အဆန်ပြေးဆွဲခြင်း၊ ဩဂုတ် ၂၀ ရက်၌ ရန်ကုန်-ပြည်လမ်းပိုင်းတွင် ရန်ကုန်မှ ပြည်၊ ပြည်မှ ရန်ကုန် အမြန်ရထား နှစ်စင်းအား နေ့စဉ်ခေါက်ပြန် ပြေးဆွဲခြင်းများကို ထပ်မံတိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

ရထားများပြေးဆွဲရာတွင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၅)အဆန်သည် ရန်ကုန်မှ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင်ရောက်ရှိပြီး အမှတ်(၆) အစုန် အမြန်ရထားသည် မန္တလေးမှ မွန်းလွဲ ၂ နာရီတွင်ထွက်ခွာ၍ ရန်ကုန်သို့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁) အဆန် အမြန်ရထားသည် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာ၍ မော်လမြိုင်သို့ နံနက် ၆ နာရီတွင် ရောက်ရှိပြီး အမှတ်(၈၂)အစုန် အမြန်ရထားသည် မော်လမြိုင်မှ ည ၈ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၁)အဆန် အမြန်ရထားသည် ရန်ကုန်မှ ည ၈ နာရီခွဲတွင် ထွက်ခွာ၍ ပြည်သို့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး အမှတ်(၆၂) အစုန်အမြန်ရထားသည် ပြည်မှ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ထပ်မံတိုးချဲ့ ပြေးဆွဲ

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ရထားဖြင့် အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များကို လိုရာခရီးသို့ တင်ပို့နိုင်ရေးအတွက် စီစဉ်ပေးလျက်ရှိရာ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှု များပြားလာသည့် အခြေအနေအပေါ်မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ ပြေးဆွဲ ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၂၈၄ ဦး မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၁၀**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ပြန်လည်ကြိုဆို လက်ခံခြင်းကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှစတင် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ၂၈၄ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ၁၀ မြို့နယ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စခန်းများတွင် ၁၀ ရက်ကြာ အသွားအလာ ရက်ကန့်သတ်ထားရှိကာ ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာ မြို့နယ်များသို့ ပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၀၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၂၈၄ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**



# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၁၀**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက (ယာပုံ) သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# မြန်မာသင်္ဘောသားများအတွက် ငွေကြေးဆိုင်ရာ အခွင့်အလမ်း ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာသင်္ဘောသားနှင့် သင်္ဘောသား မိသားစုများအတွက် ငွေကြေးဆိုင်ရာ အခွင့်အလမ်းရယူနိုင်မည့် ဟောပြောပွဲကို ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ရုံးတွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က သင်္ဘောသားများ ဘဝတိုးတက်ရေးအတွက် အဖွဲ့ချုပ်မှ ဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် ငွေကြေးကျပ်တည်းမှုကြောင့် သင်္ဘောသားများက အကူအညီ လာရောက်တောင်းခံကြသည်။ ထိုသို့တောင်းခံရာတွင် သင်္ဘောသားများတွင် စာရွက်စာတမ်းပြည့်စုံမှု၊ အလုပ်ခန့်အပ်ခြင်းခံရမည့် အခြေအနေတို့ကို စိစစ်ပြီး အဖွဲ့ချုပ်က အတိုးမဲ့ချေးငွေများ ထုတ်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့ချုပ်၏ ဘဏ္ဍာရေး အခြေအနေပေါ်မူတည်၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် စာချုပ်သက်တမ်း ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ချိန်တွင် ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သင်္ဘောသားများအတွက် ငွေကြေးဆိုင်ရာ အခွင့်အလမ်း ရယူနိုင်မည့် ဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် OKM Finance Co ; Ltd မှ Chief Operating Officer ဒေါက်တာသိန်းထွန်းက ဝင်ငွေတိုးရန်နှင့် လုပ်ငန်းများ ကောင်းမွန်စေရန် တစ်ဦးချင်းနှင့် အုပ်စုလိုက် ချေးငွေ ရယူနိုင်မည့် အခွင့်အလမ်းတို့ကို ရှင်းလင်းဟောပြောသည်။

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်သည် သင်္ဘောသားနှင့် သင်္ဘောသား မိသားစုကိစ္စရပ်များကို ဆောင်ရွက်ပေးရာတွင် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အခကြေးငွေကောက်ခံခြင်းမရှိ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ပခုက္ကူမြို့နယ် နုံးပို့ကျေးရွာရှိ ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ပြိုကျပျက်စီး

**ပခုက္ကူ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နုံးပို့ကျေးရွာရှိ ရေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးသည် ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီက မြစ်ရေထဲသို့ ပြိုကျပျက်စီးခဲ့ကြောင်း ကျေးရွာဒေသခံများထံက သိရသည်။

“ဧရာဝတီမြစ် ရေကြီးပြီး ကမ်းပါး တိုက်စားမှုတွေကြောင့် ကျွန်တော်တို့ ရွာမှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးဟာ ဇူလိုင် ၇ရက် က ပြိုကျပျက်စီးခဲ့တာပါ။ မြစ်ရေကြီးတာကတော့ ဒွန်လတတိယအပတ် ကတည်းကပါ။ ကျေးရွာဘုန်းတော်ကြီးကျောင်းကလည်း မြစ်ကမ်းနဲ့ ပေ ၂၀ အကွာမှာပဲ ရှိတော့တာကြောင့် ရွာရဲ့တောင်ဘက်ကို အရေးပေါ် ရွှေ့ပြောင်းထားရပါတယ်။ ကျေးရွာရှိ မြစ်ကမ်းပါးနံဘေးရှိ လူနေအိမ်အချို့လည်း ဘေးလွတ်ရာကို ပြောင်းရွှေ့နေထိုင်ကြပါတယ်။ ကျန်တဲ့အိမ်တွေလည်း ဘေးလွတ်ရာကို ရွှေ့ပြောင်းဖို့ ပြင်ဆင်နေကြပါတယ်” ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောပြသည်။

အဆိုပါ ဧရာဝတီမြစ်ရေကြီးပြီး ကမ်းပါးတိုက်စားပြိုကျမှုကြောင့် ပြောင်းရွှေ့နေထိုင်ရသည့် ရေဘေးသင့် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီထောက်ပံ့နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအုပ်စုတွင် မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**မိုးညှင်း ဇူလိုင် ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အုပ်စုတွင် ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ နန့်ခွဲခမ်းချောင်းရေလျှံခဲ့သဖြင့် မော်ဟန်ရပ်ကွက်၊ ဘူတာစုရပ်ကွက် စာသင်ကျောင်းနှင့် ကွက်သစ်ရပ်ကွက်တို့တွင် ရေဝင်မှုများ ဖြစ်ပွားခဲ့သည်။




အဆိုပါ မိုးရွာသွန်းမှုကြောင့် နန့်ခွဲခမ်းချောင်းရေ လျှံတက်ပြီး ရေကြီးရေလျှံမှုကြောင့် မော်ဟန်ရပ်ကွက်နှင့် ဘူတာစုရပ်ကွက်တို့ ဆက်သွယ်ထားသည့် အလျားပေ ၃၀၊ အကျယ် ၁၈ ပေ၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၅၀ ရှိ အုတ်ခုံခံ ပျဉ်ခင်းတံတား တစ်စင်း ပျက်စီးဆုံးရှုံးခဲ့ရပြီး မြေနိမ့်ပိုင်းနေအိမ်များနှင့် မော်ဟန် အထက်တန်းကျောင်းဝင်းအတွင်း ရေဝင်မှုများ ဖြစ်ပွားခဲ့သည်။ (အပေါ်ပုံ)

ထိုသို့ ပျက်စီးသွားသော တံတားကို ဒေသခံပြည်သူများ သွားလာမှု အခက်အခဲမဖြစ်စေရန်အတွက် မော်ဟန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦးနှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နီတိုး

# နမ္မတူမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**နမ္မတူ ဇူလိုင် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားကတ်အလွယ်တကူ ကိုင်ဆောင်ခွင့် ရရှိစေရန် ရည်ရွယ်၍ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင် နမ္မတူမြို့နယ် အမှတ် (၃၂၄) ခြေမြန်တပ်ရင်းရှိ အောင်စစ်သည်ခန်းမတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းလှနှင့် ဝန်ထမ်းများက နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များဖြစ်သော နိုင်-၃ (က)လျှောက်ထားသူ ၁၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်လဲလှယ်သူ တစ်ဦး၊ ပျောက်ဆုံးလျှောက်ထားသူ တစ်ဦး စုစုပေါင်း ၁၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းလှ ထံက သိရသည်။

လူမော် (ပြန်/ဆက်)

# သီပေါမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**သီပေါ ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များကို မေ ၁၆ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နောင်အန်ကျေးရွာအုပ်စုမှ တောင်သူများကို ထုတ်ချေးပေးကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများနှင့်စပ်လျဉ်း၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်စမ်းစမ်းအေးက မိုးစပါး ချေးငွေထုတ်ယူမည့် တောင်သူများအား ချေးငွေစာချုပ်ပါ စည်းကမ်းများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ချေးယူငွေများအား သတ်မှတ်ကာလအတွင်း အပြေအကျေပြန်လည်ပေးဆပ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်လည်ပေးဆပ်မှု အားကောင်းသော ကျေးရွာအုပ်စု ၃၅ အုပ်စုမှ တောင်သူများ၏ စပါး ၆၉၅၂ ဧက၊ ပြောင်း ၁၅၆၉၈ ဧကတို့အတွက် ချေးငွေကျပ် ၂၆၁၂၆ သိန်းကို ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသော ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် လည်းကောင်း၊ ယာသီးနှံ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကာ ကြွေးပြေကျေသည့် တောင်သူများကို လျာထားချက်နှင့်အညီ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆေးကုသရန်သွားသည့် သားအမိနှစ်ဦး PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဇူလိုင် ၉ ရက်က ဆေးကုသရန်သွားသည့် သားအမိနှစ်ဦး PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်း တစ်လုံးကို နင်းမိပေါက်ကွဲကာ လေးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် မိခင်ဖြစ်သူတို့ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရွှေကျင်မြို့နယ် ကျွန်းကြီးကျေးရွာနေ မချစ်သက်သက်အောင်(ခ) အငယ်မ (၂၆)နှစ်သည် ကျန်းမာရေးမကောင်းသည့် ၎င်း၏သားဖြစ်သူ မောင်အောင်ဆန်းလင်း (၄)နှစ်ကို ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ ဆေးကုသရန်အတွက် သွားရောက်စဉ် လှေတန်းကျွန်းကြီး ကျေးရွာကူးတို့ဆိပ်အနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်း တစ်လုံးကို နင်းမိပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် မောင်အောင်ဆန်းလင်း (၄) နှစ်တွင် ဝဲ/ယာ ခြေထောက်နှစ်ချောင်း ဒူးအောက်မှပြတ်ကာ၊ မိခင်ဖြစ်သူ မချစ်သက်သက်အောင်(ခ) မအငယ်မ၏ မျက်နှာ၌ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည်။

ထိုသို့ PDF အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်းပေါက်ကွဲ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သော ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးကာ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ဆေးကုသမှုပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မချစ်သက်သက်အောင်(ဒဏ်ရာရ)



မောင်အောင်ဆန်းလင်း(ဒဏ်ရာရ)

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက်နေသူများဖြစ်သည့် နေလင်းထွန်းနှင့် အေးအေးချိုတို့ နှစ်ဦးသည် ၎င်းတို့ အသုံးပြုသည့် "Nay Linn Htun" Facebook အကောင့်နှင့် "Aye Aye Cho" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)ရပ်ကွက်နေ စံပယ်မိုး သည် ၎င်းအသုံးပြုသည့် "Sabal Moe" Facebook အကောင့်နှင့် မြင်းခြံမြို့ အမှတ်(၁၂)ရပ်ကွက်နေ သက်တင်ဝင်း (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် "Thet Tin Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

▼*ကျောဖုံးမှ*

အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး အဆိုပါလက်လုပ်မိုင်းကို သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖*ကျောဖုံးမှ*

နှစ်ဂိုးပြတ် အနိုင်ရထားကာ ကမ္ဘောဒီးယားနှင့် တစ်ဂိုးစီသရေကျပြီး ဗီယက်နမ်အသင်းကို ငါးဂိုးပြတ်အရေးနိမ့်ထားသည်။

**ဗီယက်နမ်နှင့် အဓိကယှဉ်ပြိုင်ရမည်**

မြန်မာအသင်းသည် အုပ်စုအနေအထားအရ အကြိုဗိုလ်လုပွဲ တက်ရောက်ရန် အခက်အခဲ မရှိနိုင်သော်လည်း အုပ်စုပထမနေရာအတွက် ဗီယက်နမ်နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

**မျှော်လင့်ချက် အနည်းငယ်ရှိ**

အုပ်စု (က) တွင် အိမ်ရှင်ဖိလစ်ပိုင်နှင့် ထိုင်းအသင်းတို့ အကြိုဗိုလ်လုပွဲတက်ရောက်ရန် အခြေအနေကောင်းနေပြီး ဩစတြေးလျအသင်းမှာ လည်း မျှော်လင့်ချက် အနည်းငယ်ရှိနေသည်။

**ရဲရင့်လွင်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၃၂၀ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၀၉၃၅ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၆ | ၁၉၂၆ |
| HSD (500 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၅ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၉ ရက် ညနေပိုင်းတွင် ဟိုပုံးတပ်နယ်နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည် မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်များဖြစ်သည့် ၄၉ ကီလိုတန်း၊ ၅၂ ကီလိုတန်း၊ ၅၆ ကီလိုတန်း၊ ၆၀ ကီလိုတန်းနှင့် ၆၄ ကီလိုတန်း လူသစ်တန်းပြိုင်ပွဲနှင့် ၆၀ ကီလိုတန်း အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ ဂုဏ်ပြုဆု၊ ကီလိုတန်းအလိုက် အကောင်းဆုံးဆု ရရှိသူများ၊ လူသစ်တန်း တံခွန်စိုက်ဖလား ဆုရရှိသူများ၊ (၇) တန်း တံခွန်စိုက်ဖလားနှင့် တံခွန်စိုက်ဒိုင်း ဆုရရှိသော ဟိုပုံးတပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူး **(ယာပုံ)** နှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါတက္ကသိုလ် ဘောလုံး အားကစားကွင်း၌ ကျင်းပသည်။



### ယှဉ်ပြိုင်ကစား

အုပ်စုပွဲစဉ် ပြိုင်ပွဲများကို ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း သုံးသင်းဖြင့် ရက်သတ္တနှစ်ပတ်ကြာ ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ရူပဗေဒအသင်းနှင့် ညွှန့်ပေါင်း (၇) အသင်းတို့ ယမန်နေ့က ယှဉ်ပြိုင်ကစားရာ ကစားချိန် မိနစ် ၉၀ အတွင်း နှစ်ဂိုးစီ သရေဖြင့် ယှဉ်ပြိုင်ကစားကြပြီး ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းရာတွင် ညွှန့်ပေါင်း (၇) အသင်းက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဘောလုံးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းက မန္တလေးတိုင်းဒေသကြီး ဘောလုံးဒိုင်များနှင့် အမရပူရခရိုင် ကြက်ခြေနီအဖွဲ့ဝင်များကို အမှတ်တရ လက်ဆောင်များ ချီးမြှင့်သည်။ ထို့နောက် ဘောလုံးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) မှ ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးအား/ကာ ဒုတိယညွှန်ကြားရေးမှူးတို့က အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆု ရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

### တံခွန်စိုက်ဆုချီးမြှင့်

ထို့နောက် အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ ညွှန့်ပေါင်းအသင်းကို တစ်ဦးချင်းဆုများနှင့် ငွေသားဆုကို ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်မော်မော်စိုးကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရ ဥပဒေပညာအသင်းကို တစ်ဦးချင်း ဆုများနှင့် ငွေသားဆုကို ဒုတိယပါမောက္ခချုပ် ဒေါက်တာ မြင့်မြင့်ဦးကလည်းကောင်း၊ ဒုတိယဆုရ ရူပဗေဒအသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုကို ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးခင်မြို့တို့က ဆုများ ပေးအပ်ချီးမြှင့်ပြီးနောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ အားကစားပညာအသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ညွှန့်ပေါင်း (၇) အသင်းတို့မှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဖလားနှင့် ငွေသားဆုတို့ကို ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**တင်မောင်- မန္တလေး**

# သီရိလင်္ကာသမ္မတ ရာဂျာပက်ဆာ ဇူလိုင် ၁၃ ရက်တွင် ရာထူးမှ နုတ်ထွက်မည်ဟုဆို

**ကိုလံဘို ဇူလိုင် ၁၀**

သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာသည် ၎င်းအနေဖြင့် ဇူလိုင် ၁၃ ရက်တွင် ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ မာဟင်ဒါ ယာပါ အဘေဝါဒီနာထံသို့ ဇူလိုင် ၉ ရက်က အကြောင်းကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

နိုင်ငံရေးပါတီခေါင်းဆောင်များ၏ တောင်းဆိုချက်အရ သမ္မတရာဂျာပက်ဆာသည် သမ္မတရာထူးမှ နုတ်ထွက်မည့် ၎င်း၏ဆုံးဖြတ်ချက်ကို ပြောကြားခဲ့ကြောင်း လွှတ်တော်ဥက္ကဋ္ဌရုံးက ဆင်ဟွာသို့ပြောသည်။ ဝန်ကြီးချုပ် ရာနေးလ် ဝစ်ရီမီဆင်ဟီသည် သီရိလင်္ကာနိုင်ငံရှိ ပါတီခေါင်းဆောင်များက လွှတ်တော်တွင် ၎င်းနှင့် သမ္မတတို့ နှစ်ဦးအား ရာထူးမှ နုတ်ထွက်ရန်တောင်းဆိုပြီး နောက်တစ်ရက်အကြာတွင် နုတ်ထွက်ရန် သဘောတူခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် ဇူလိုင် ၉ ရက်က ဆန္ဒပြသူများသည် သမ္မတနေအိမ်နှင့် ရုံးခန်းကို ဝင်ရောက်စီးနင်းခဲ့ပြီး ဝန်ကြီးချုပ်၏ နေအိမ်ကိုလည်း မီးရှို့ခဲ့ကြောင်းသိရသည်။ လူဦးရေ ၂၂ သန်းရှိသော သီရိလင်္ကာနိုင်ငံသည် စီးပွားရေးပျက်ကပ်ဆိုက်မှုနှင့် အကြီးအကျယ် ရင်ဆိုင်နေရပြီး နိုင်ငံခြားငွေပြတ်လပ်မှုကြောင့် မရှိမဖြစ်လိုအပ်သော လောင်စာဆီ တင်သွင်းမှုနှင့် အခြားအရေးကြီးလိုအပ်သောပစ္စည်းများအတွက် ပေးချေရန် အခက်တွေ့နေကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၆ ခုနှစ်အထိ ပေးချေရမည့် ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့် မှ ယခုနှစ်တွင် ပေးချေရမည့် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံကို ဆိုင်းငံ့ထားမည်ဟု ဧပြီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် နိုင်ငံခြားကြွေးမြီစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၁ ဘီလီယံရှိကြောင်း သိရသည်။

ဆင်ဟွာ



သီရိလင်္ကာသမ္မတ ရာဂျာပက်ဆာ။

# တရုတ်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ နှစ်နိုင်ငံဆက်ဆံရေး ချောမွေ့စေရန် သဘောတူ

**ဘာလီ ဇူလိုင် ၁၀**

တရုတ်နိုင်ငံတော် ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိသည် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်းနှင့် ဇူလိုင် ၈ ရက်က တွေ့ဆုံခဲ့ကြရာ အတားအဆီးများကို ဖယ်ရှားပြီး နှစ်နိုင်ငံဆက်ဆံရေး လမ်းကြောင်းမှန်ပေါ် ရောက်ရှိရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် G20 နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးတွင် သီးသန့်တွေ့ဆုံကြခြင်းဖြစ်သည်။





ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်းနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ။

တရုတ် - ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေးသည် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းနှစ်ခုစလုံးကို ရင်ဆိုင်နေရကြောင်း၊ နှစ်နိုင်ငံကြား သံတမန် ဆက်ဆံရေး ထူထောင်သည့် နှစ် (၅၀) ပြည့် နှစ်ပတ်လည်အချိန်တွင် အပြန်အလှန်လေးစားမှုအပေါ် အခြေခံ၍ နှစ်နိုင်ငံ ဆက်ဆံရေးကို ပြန်လည်ဆန်းစစ်ကာ ပြန်လည်ချိန်ညှိရန် ဆန္ဒရှိကြောင်းနှင့် လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် ပစိဖိတ်ကျွန်းနိုင်ငံများနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်နိုင်ငံ၌ Monkeypox ရောဂါ ဖြစ်ပွားမှုအရေအတွက် မြင့်တက်လာ

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၀**

အမေရိကန်နိုင်ငံ၌ monkeypox ရောဂါ အတည်ပြုကူးစက်ခံရသူ အရေအတွက်သည် ၈၀၀ နီးပါးရှိလာသည့်အတွက် ကျွမ်းကျင်သူများက ပြည်သူ့ကျန်းမာရေးစနစ်အားနည်းမှုကို ဝေဖန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။





အမေရိကန်နိုင်ငံ၌ ပြည်နယ် ၃၉ ခုမှ monkeypox ရောဂါ အတည်ပြု ကူးစက်ခံရသူ အရေအတွက်သည် ဇူလိုင် ၉ ရက်တွင် ၇၆၇ ဦးအထိ ရှိလာသည့်အတွက် ရောဂါဖြစ်ပွားမှု ကိုင်တွယ်ဖြေရှင်းပုံနှင့် ပတ်သက်ပြီး ပြည်သူ့ကျန်းမာရေးစနစ်၏ အားနည်းမှုကို ကျွမ်းကျင်သူများက ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ (စီဒီစီ) ၏ နောက်ဆုံးထုတ်ပြန်သော အချက်အလက်အရ အီလီနွိုက်စ်ပြည်နယ်တွင် ၉၁ ဦး၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ၁၃၆ ဦးတို့ပြီးနောက် နယူးယောက်ပြည်နယ်သည် ၁၅၃ ဦးဖြင့် monkeypox ရောဂါကူးစက်ခံရမှု အမြင့်ဆုံးအဖြစ် ရှိနေသည်။

အမေရိကန်ကျန်းမာရေးနှင့် လူသားအကျိုးပြု ဝန်ဆောင်မှုဌာန (အိတ်ချ်အိတ်ချ်အက်စ်) သည် ရောဂါဖြစ်ပွားမှုကို ဟန့်တားနိုင်ရန်အတွက် monkeypox နှင့် smallpox တို့အတွက် ထိုးနှံရန်အတည်ပြုထားသည့် နှစ်ကြိမ်ထိုး Jynneos ကာကွယ်ဆေး ၁၄၄၀၀၀ ကို မြို့နယ်များနှင့် ပြည်နယ်များကို ဇူလိုင် ၁၁ ရက်မှ စတင်ကာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဆင်ဟွာ

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၆၅၉ ဦး တွေ့ရှိ

**စင်ကာပူ ဇူလိုင် ၁၀**

စင်ကာပူနိုင်ငံသည် ဇူလိုင် ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၆၅၉ ဦး တွေ့ရှိကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၇၉၉ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၇၈၆၀ သည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၄၂၈ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ရှင်ဇိုအာဘေး ကွယ်လွန်မှုအတွက် ဝမ်းနည်းကြောင်းပြောရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် ဂျပန်သို့သွားမည်

❏ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး ကွယ်လွန်မှုအတွက် လူကိုယ်တိုင်ဝမ်းနည်းကြောင်း ပြောကြားရန် တိုကျိုသို့ သွားရောက်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဘလင်ကန်သည် လက်ရှိတွင် ထိုင်းနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေကြောင်း သိရသည်။ ဘလင်ကန်သည် ဂျပန်နိုင်ငံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ ဇူလိုင် ၁၁ ရက် (ယနေ့) တွင် ရောက်ရှိဖွယ်ရှိကြောင်း သိရသည်။

### မက္ကဆီကို သမ္မတဟောင်း အယ်ဗာရက်ဇ် ကွယ်လွန်

❏ မက္ကဆီကို သမ္မတဟောင်း လူးဝစ် အီချီဗာရီရာ အယ်ဗာရက်ဇ်သည် ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်း၏သားဖြစ်သူ ဘင်နီတို အီချီဗာရီရာက ဆင်ဟွာသို့ ဇူလိုင် ၉ ရက်တွင် ပြောသည်။ အဆိုပါ သမ္မတဟောင်း ကွယ်လွန်ချိန်တွင် အသက် ၁၀၀ ရှိပြီဖြစ်ပြီး မက္ကဆီကိုနိုင်ငံ၌ သမ္မတ တာဝန်များကို ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၆ ခုနှစ်အထိ ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ အယ်ဗာရက်ဇ်သည် မက္ကဆီကိုနိုင်ငံ မိုရီလို့စ်ပြည်နယ်၏ မြို့တော်ကွာနာဗာကာရှိ ၎င်း၏နေအိမ်၌ ကွယ်လွန်သွားခြင်းဖြစ်ကြောင်း သားဖြစ်သူ ဘင်နီတို အီချီဗာရီရာက ဆက်ပြောသည်။

### ကင်မရွန်းနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် ၁၃ ဦးသေဆုံး

❏ ကင်မရွန်းနိုင်ငံ အနောက်တောင်ပိုင်းတွင် ကုန်တင်ယာဉ်တစ်စီးနှင့် ဘတ်စ်ကားတစ်စီး တိုက်မိရာ ၁၃ ဦးထက်မနည်း သေဆုံးကြောင်း နယ်မြေခံရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ယာဉ်မတော်တဆမှုသည် ဇူလိုင် ၉ ရက်က နိုင်ငံ၏ အနောက်တောင်ပိုင်း ခွန်ဘာ-မူယုကာ့ အဝေးပြေးလမ်းမကြီးပေါ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါ ကုန်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ခရီးသည် ၃၀ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးနှင့် ခေါင်းချင်းဆိုင် တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

### သီရိလင်္ကာဝန်ကြီးချုပ်နေအိမ် မီးလောင်မှုဖြစ်ပွား

❏ သီရိလင်္ကာဝန်ကြီးချုပ် ရီနေး ဝက်ခ်ရမ်ဆင်ဂေး၏ သီးသန့်နေအိမ်သည် ဇူလိုင် ၉ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ထရပ်ကားများကို ဆန္ဒပြသူများက ပိတ်ဆို့ထားခြင်းကြောင့် မီးသတ်တပ်ဖွဲ့များသည် နေအိမ်သို့ မရောက်ရှိနိုင်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။ ဇူလိုင် ၉ ရက်က ဆန္ဒပြသူများသည် သမ္မတ၏ နေအိမ်နှင့် ရုံးခန်းများကို ဝင်ရောက်စီးနင်းခဲ့ပြီး ပါလီမန်ရှိ ပါတီခေါင်းဆောင် များ ရာထူးမှနုတ်ထွက်ရန် တောင်းဆိုပြီးနောက် သီရိလင်္ကာဝန်ကြီးချုပ် ဝက်ခ်ရမ်ဆင်ဂေးသည် ရာထူးမှ နုတ်ထွက်ရန် သဘောတူခဲ့သည်။

# ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများက စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ အောင်မြင်ရေးကို ခြိမ်းခြောက်နေ

နွယ်နီလင်း

**ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDGs) ၁၇ ခုကို ခြိမ်းခြောက်နေကြောင်း မကြာသေးမီက ထုတ်ပြန်လိုက်သည့် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ တိုးတက်မှု အကဲဖြတ်အစီရင်ခံစာသစ်တွင် သတိပေးထားသည်။**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အစီရင်ခံစာ ၂၀၂၂ တွင် စစ်ပွဲများ တိုးလာခြင်း၊ ဆက်တိုက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရေရှည်ခံစားနေရသည့် ရာသီဥတုဆိုင်ရာ အကျပ်အတည်းများကြောင့် ယခုနှစ်တွင် လူပေါင်း ၇၅ သန်းမှ ၉၅ သန်းအထိ ဆင်းရဲတွင်းသို့ တွန်းပို့ခံရနိုင်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီကာလနှင့် နှိုင်းယှဉ်ပါက ပိုမိုခံနိုင်ရည်ရှိသော၊ ငြိမ်းချမ်းပြီး တန်းတူညီမျှသော လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးများစွာကို ထိခိုက်စေလျက်ရှိကြောင်း ဖော်ပြထားသည်။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်များ အောင်မြင်ရန် ကမ္ဘာ့နိုင်ငံများ၏ ကြိုးပမ်း အားထုတ်မှုများကို ကပ်ရောဂါကြောင့် ထိခိုက်စေခဲ့ပြီး ၎င်း၏သက်ရောက်မှုသည် ပြီးဆုံးရန် အလှမ်းဝေးသေးကြောင်း ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အထွေထွေအတွင်းရေးမှူး လျူရှန်မင်းကဆိုသည်။



ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အထွေထွေအတွင်းရေးမှူး လျူရှန်မင်း။

### ဆင်းရဲမွဲတေမှု လျှော့ချရေး

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးမှုမှာ ယမန်နှစ် အကုန်တွင် ၁၅ သန်းအထိ ရှိလာခဲ့ပြီး ကပ်ရောဂါ ကြောင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတွင် လေးနှစ်ကျော် တိုးတက်မှု ပျက်ပြယ်သွားကာ ကျန်းမာရေး ဝန်ဆောင်မှုများကိုလည်း ပြင်းထန်စွာ နှောင့်ယှက်မှုဖြစ်စေပြီး ပန်းတိုင် (၃) အတွက် ရရှိထားသော တိုးတက်မှုကို သွေဖည်သွားစေခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

### ပညာသင်ကြားမှု

ထို့အပြင် ၂၀၂၀ ပြည့်နှစ်မှစ၍ ကျောင်းသား ၁၄၇ သန်းကျော်သည် ၎င်းတို့၏ ပညာသင်ကြားမှုဆိုင်ရာများကို တစ်ဝက်ခန့် မလုပ်ဆောင်နိုင်ခဲ့ပေ။

### ရာသီဥတုပြောင်းလဲမှု

ကမ္ဘာကြီးပူနွေးလာမှုနှင့် ပြင်းထန်သောရာသီဥတုပုံစံများကြောင့် သန်းနှင့်ချီသောလူများသည် ရာသီဥတုကပ်ဆိုး၏ အကျိုးဆက်များကို ခံစားနေကြရသည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍနှင့်ဆက်စပ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ ရာသီဥတု ပြောင်းလဲမှု၏ အဆိုးရွားဆုံးသက်ရောက်မှုများကို ရှောင်ရှားရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၀၂၅ ခုနှစ်မတိုင်မီတွင် ထုတ်လွှတ်မှု အမြင့်ဆုံးမှ လျှော့ချနိုင်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် ၄၃ ရာခိုင်နှုန်း ကျဆင်းနိုင်ရေးနှင့် ၂၀၅၀ ပြည့်နှစ်တွင် အသားတင်ထုတ်လုပ်မှု သုညသို့ ရောက်ရှိနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

### စွမ်းအင်နှင့် စားနပ်ရိက္ခာ အကျပ်အတည်း

သို့သော်လည်း ကပ်ရောဂါနှင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင် အကျပ်အတည်းများကြောင့် လာမည့် ဆယ်စုနှစ်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၁၄ ရာခိုင်နှုန်းနီးပါး တိုးလာနိုင်ကြောင်း ခန့်မှန်းထားသည်။

တစ်ချိန်တည်းတွင် စစ်ရေးပဋိပက္ခများကြောင့် အစားအစာ၊ လောင်စာဆီနှင့် ဓာတ်မြေသြဇာ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ထောက်ပံ့ရေးကွင်းဆက်များနှင့် ကမ္ဘာ့ကုန်သွယ်ရေးကို ထပ်မံပြတ်တောက်စေလျက်ရှိသည့်အပြင် ငွေကြေးဈေးကွက်များလှုပ်ခတ်မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့် ထောက်ပံ့ရေး စီးဆင်းမှုများကို ခြိမ်းခြောက်လျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာ၊ စွမ်းအင်ဈေးနှုန်းများနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစု ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် သုံးလအတွင်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများရှိ လူဦးရေ ၇၁ သန်းကို ပိုမိုနက်ရှိုင်းသည့် ဆင်းရဲတွင်းထဲသို့ ရောက်ရှိစေခဲ့ကြောင်း ဇူလိုင် ၇ ရက်က ထုတ်ပြန်လိုက်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) ၏ အစီရင်ခံစာကလည်း ဖော်ပြထားသည်။

ကမ္ဘာ့ဆင်းရဲမွဲတေမှုနှုန်းသည် လွန်ခဲ့သည့် သုံးလအတွင်း ပိုမိုမြင့်တက်လာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက်မှု အကျိုးဆက်များထက်ပင် ကြောက်စရာကောင်းလောက်အောင် ပိုမိုမြန်ဆန်လာကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

ထို့ပြင် ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဗဟိုဘဏ်အတိုးနှုန်းများ မြှင့်တင်ခြင်းများသည် အကျပ်အတည်းကို ပိုမိုဆိုးရွားစေပြီး ကမ္ဘာတစ်ဝန်း စီးပွားရေးဆုတ်ယုတ်ကျဆင်းမှု၏ နောက်ဆက်တွဲဖြစ်သည့် ဆင်းရဲမွဲတေမှုကို ပိုမိုနက်ရှိုင်းစေနိုင်မည့် အန္တရာယ်ရှိကြောင်း ယူအင်န်ဒီပီက သတိပေးထားသည်။



သီရိလင်္ကာနိုင်ငံ၌ ပြည်သူများဈေးဝယ်ရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

အဆိုပါ အစီရင်ခံစာတွင် နိုင်ငံပေါင်း ၁၅၉ နိုင်ငံကို လေ့လာခဲ့ပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဘော်လ်ကန်ဒေသနိုင်ငံများ၊ ကက်စပီယန်ပင်လယ်ဒေသနှင့် အာဖရိကဆာဟာရဒေသများ အထူးသဖြင့် ဆာဟဲဒေသတွင် အဆိုးရွားဆုံးအခြေအနေ ဖြစ်ပေါ်နေကြောင်း တွေ့ရှိခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ လူများစွာအတွက် မကြုံစဖူး ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကို ရင်ဆိုင်နေရပြီး မနေ့ကတတ်နိုင်သည့် အစားအစာကို ယနေ့ ထိုဈေးနှုန်းဖြင့် မရနိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေကြောင်း၊ ဤလူနေမှုစရိတ်ကြီးမြင့်မှု အကျပ်အတည်းသည် လူသန်းပေါင်းများစွာကို ဆင်းရဲတွင်းနက်စေကာ အံ့အားသင့်ဖွယ် အရှိန်အဟုန်ဖြင့် ငတ်မွတ်ခေါင်းပါးသည့် အခြေအနေသို့ တွန်းပို့နေကြောင်း ယူအင်န်ဒီပီအကြီးအကဲဖြစ်သူ အာချင်စတိန်နာက သတိပေးပြောဆိုထားသည်။

### ပလတ်စတစ်ညစ်ညမ်းမှု

ထို့အပြင် ပလတ်စတစ် မက်ထရစ်တန် ၁၇ သန်းသည် ယခုနှစ်တွင် သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်လာကာ ၂၀၄၀ ပြည့်နှစ်တွင် နှစ်ဆသို့မဟုတ် သုံးဆခန့်ပင် ထပ်မံတိုးလာနိုင်ကြောင်း ခန့်မှန်းထားသည်။

### ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ (LDCs) တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်း၊ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်း၊ ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများနှင့် ရေရှည်မတည်တံ့နိုင်သော ကြွေးမြီများဖြင့် ရုန်းကန်နေရပြီး ကလေးလုပ်သားနှင့် ကလေးသူငယ် ထိမ်းမြားလက်ထပ်မှု တိုးမြင့်လာမှုများနှင့်အတူ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း နည်းပါးလာသည်။

ဝင်ငွေနည်းနိုင်ငံများတွင် ကြွေးမြီဝန်ဆောင်မှုနှင့် ပို့ကုန်အချိုးသည် ပျမ်းမျှအားဖြင့် ၂၀၁၁ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ကြောင့် ကမ္ဘာသည် ယခုအခါ ထိခိုက်လွယ်ဆုံးသူများကို ကူညီရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များကို ကယ်တင်ရန် လုပ်ဆောင်ရမည်ဟု အဆိုပါအစီရင်ခံစာက ထောက်ပြထားသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာစေရန်၊ ပြည်သူ့ဝန်ဆောင်မှုများ မြှင့်တင်ရန်နှင့် သန့်ရှင်းသောစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံရန် လုပ်ဆောင်သည့်အခါ၊ ဥပမာ - တန်းတူညီမျှမှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ မူလဇာစ်မြစ်များကို ဖြေရှင်းနိုင်ရန်လိုကြောင်း လျူက ပြောကြားသည်။

ယခုထုတ်ပြန်လိုက်သည့် အစီရင်ခံစာသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး၏ ၂၀၂၂ ခုနှစ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ (SDGs) ဆိုင်ရာ တိုးတက်မှုအကဲဖြတ် အစီရင်ခံစာ (သတ္တမအကြိမ်) အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ယခုနှစ် အစီရင်ခံစာတွင် ဝင်ငွေနည်းနှင့် အလယ်အလတ် ဝင်ငွေနည်းနိုင်ငံများအတွက် ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းရေး နည်းလမ်းများနှင့် အရေးကြီးသော လိုအပ်ချက်များကို ဆွေးနွေးထားသည်။

**ကိုးကား - ဆင်ဟွာ၊ အေအက်ဖ်ပီ**

> **“ကမ္ဘာတစ်ဝန်းရှိ လူများစွာအတွက် မကြုံစဖူးကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကို ရင်ဆိုင်နေရပြီး မနေ့ကတတ်နိုင်သည့် အစားအစာကို ယနေ့ ထိုဈေးနှုန်းဖြင့် မရနိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေကြောင်း၊ ဤလူနေမှုစရိတ် ကြီးမြင့်မှု အကျပ်အတည်းသည် လူသန်းပေါင်းများစွာကို ဆင်းရဲတွင်းနက်စေကာ အံ့အားသင့်ဖွယ် အရှိန်အဟုန်ဖြင့် ငတ်မွတ်ခေါင်းပါးသည့် အခြေအနေသို့ တွန်းပို့နေကြောင်း ယူအင်န်ဒီပီအကြီးအကဲဖြစ်သူ အာချင်စတိန်နာက သတိပေးပြောဆိုထား”**

# ဇူလိုင် ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၁ ရာခိုင်နှုန်းရှိ

(၁၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါ သည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၂၀,၆၂၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၇၃၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါ သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၆၆,၁၀၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၇၁၀,၂၅၄) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၁၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၆၀) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၆၀) ခု | (၈)ဦး |
| စုစုပေါင်း | (၄,၃၅၆) ခု | (၉)ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၉-၇-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၆၆,၁၀၂ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၇၁၀,၂၅၄ |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၀-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၃၁၄၇၁၈ | ၈၅၇၆၆၇၁၁ | ၁၀၄၅၇၈၂ |
| ၂။ | အိန္ဒိယ | ၄၃၆၂၄၈၃၅ | ၄၂၉၆၈၅၃၃ | ၅၂၅၄၂၈ |
| ၃။ | ဘရာဇီး | ၃၂၈၇၄၅၀၁ | ၃၁၁၄၂၅၃၅ | ၆၇၃၅၅၄ |
| ၄။ | ပြင်သစ် | ၃၂၁၁၅၆၀၄ | ၃၀၀၁၉၈၃၂ | ၁၅၀၀၁၇ |
| ၅။ | ဂျာမနီ | ၂၉၀၂၂၆၅ | ၂၇၁၈၅၈၀၀ | ၁၄၁၈၆၂ |
| ၆။ | ဗြိတိန် | ၂၂၈၁၃၉၉၅ | ၂၂၂၄၉၂၅၈ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၃၅၇၉၃၈ | ၁၇၉၂၆၀၁၁ | ၁၆၉၀၆၂ |
| ၈။ | တောင်ကိုရီးယား | ၁၈၅၁၁၈၄၅ | ၁၈၂၇၃၇၁၇ | ၂၄၆၄၃ |
| ၉။ | ရုရှား | ၁၈၄၆၂၂၁၁ | ၁၇၈၈၈၅၆၀ | ၃၈၁၅၈၃ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## ၁၀-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၅၄၈၁၃ | ၉၇၆၄၈၆၄ | ၄၃၀၈၉ |
| အင်ဒိုနီးရှား | ၆၁၁၁၃၀၅ | ၅၉၃၃၉၇၉ | ၁၅၆၇၉၁ |
| မလေးရှား | ၄၅၉၂၇၁၀ | ၄၅၂၁၅၇၈ | ၃၅၈၀၉ |
| ထိုင်း | ၄၅၄၅၀၄၃ | ၄၄၈၉၆၅၁ | ၃၀၈၃၈ |
| ဖိလစ်ပိုင် | ၃၇၁၈၄၆၇ | ၃၆၄၄၀၀၉ | ၆၀၆၄၀ |
| စင်ကာပူ | ၁၅၂၃၈၈၁ | ၁၄၂၂၁၁၄ | ၁၄၂၈ |
| မြန်မာ | ၆၁၃၇၃၆ | ၅၉၂၆၄၅ | ၁၉၄၃၄ |
| လာအို | ၂၁၀၃၆၆ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၇၂၂၈၀ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၃၅၉ | ၁၃၃၂၀၈ | ၃၀၅၆ |

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး တစ်နှစ်လျှင် သစ်နှစ်ပင်စိုက် ရွှေတိုက်ကိုစိုး

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

*(ယမန်နေ့မှ အဆက်)*

**တစ်နှစ်မှာ သစ်ပင်နှစ်ပင်စိုက်**

ကမ္ဘာကြီးပူနွေးတာရဲ့ အကြောင်းတရားနံပါတ် (၃)ကတော့ သစ်တောဟက်တာ သုံးဘီလီယံ ပျက်ပြုန်းသွားခဲ့တာပဲ။ ၁၉၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ ခြောက်ဘီလီယံရှိရာက ၂၀၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ သုံးဘီလီယံပဲ ကျန်ပါတော့တယ်။ ကျန်ရှိတဲ့ သစ်တောဟက်တာ သုံးဘီလီယံဟာ လေထုတွင်းက ပုံမှန်ရှိနေတဲ့ ကာဗွန်ဓာတ်ငွေ့ကို စုပ်ယူနိုင်စွမ်းကျဆင်းသွားခဲ့ပါတယ်။ ဒါဟာ ကမ္ဘာကြီးပူနွေးဖို့အကြောင်းတရား ဖြစ်ပါတယ်။

သစ်တောဟက်တာနည်းရတာရဲ့ အကြောင်းတရားကလည်း–

- ကျေးလက်ထင်းမီးသွေးအဖြစ် အသုံးပြုခြင်း၊
- တောင်စွယ်တောင်ကုန်းတွေမှာ တောမီးရှို့ ရွှေ့ပြောင်းတောင်ယာကြောင့် သစ်တော သစ်ပင်တွေ ပျက်ပြုန်းခြင်း၊ ပျောက်ဆုံးခြင်း၊
- စားကျက်မြက်ခင်း ဖော်ထုတ်ခြင်း၊
- စိုက်ပျိုးရေး စီမံကိန်းတွေရဲ့ လိုအပ်ချက်အရ တောရှင်းရခြင်း၊
- တရားဝင် သစ်ခုတ်ခြင်း၊
- မြို့ပြဧရိယာတွေအတွက် သစ်တောဧရိယာတွေ လျော့နည်းလာခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

ကမ္ဘာ့အရပ်ရပ်စံနှုန်းကတော့ အသက် ၁၁ နှစ်နဲ့ အသက် ၆၀ ရှိ အမျိုးသား အမျိုးသမီးတိုင်းဟာ တစ်နှစ်မှာ သစ်ပင်နှစ်ပင် စိုက်ကြဖို့ ဘွဲ့ရတစ်ဦးဟာ သူပညာသင်ခဲ့တဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်း ပရဝဏ်အတွင်းမှာ သစ်ပင်ဆယ်ပင် စိုက်ခဲ့ရမယ်လို့ သတ်မှတ်ချက်တွေ ရှိပါတယ်။

**ကျေးဇူးဆပ်ရာရောက်**

မြန်မာနိုင်ငံမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၈၀ နီးပါးရှိရာ တက္ကသိုလ်၊ ကောလိပ်တစ်ခုမှာ ပျမ်းမျှဘွဲ့ရသူအောက်ထစ် တစ်ရာပဲရှိတယ်ဆိုပါစို့။ အဲဒီတက္ကသိုလ်မှာ နှစ်စဉ် သစ်ပင်တစ်ထောင် ပေါက်နေမှာဖြစ်ပါတယ်။ လက်တွေ့မှာ ဒီပမာဏ အထိ မရှိဘူးဆိုတာ အလွယ်တကူမြင်နိုင်ပါတယ်။ အကယ်၍ သစ်ပင်တစ်ထောင် နှစ်စဉ် ဖြစ်ထွန်းနေတော့ စိုက်စရာမြေနေရာမရှိဘူးလို့ စောဒကတက်နိုင်ပါတယ်။ ဒါပေမယ့် သူ့ဒေသမြို့ရွာမှာ ပြန်ရောက်လို့ သစ်ပင်စိုက်ခဲ့ရဲ့လားမေးရင် တက္ကသိုလ်တစ်ခုရဲ့ ဟောပြောပွဲ ပရိသတ်ထဲမှာ လက်ညှိုးထောင်သူ ငါးဦးထက်မပိုတာကို တွေ့မြင်ခဲ့ရပါတယ်။

တကယ်တော့ တက္ကသိုလ်ကျောင်းသားရယ်၊ အခြေခံကျောင်းသားရယ်ဆိုပြီး ကွက်ပြောတာ မဟုတ်ပါဘူး။ သူနေခဲ့တဲ့ကျောင်းမှာ ရေမြေလွယ်ကူစွာရနိုင်တယ်။ ကမ္ဘာ့လူသားတစ်ယောက်၊ အမျိုးသား အမျိုးသမီးတိုင်းဟာ ကမ္ဘာ့စံနှုန်းဖြစ်တဲ့ “တစ်ယောက် တစ်နှစ်သစ်ပင်နှစ်ပင်” စိုက်ကြရင် လူသားတစ်ယောက်အနေနဲ့ ကမ္ဘာကြီးကို ပူနွေးမှုဒဏ်က ကာကွယ်စောင့်ရှောက်ရာရောက်၊ ဒီကမ္ဘာမှာ နေရတဲ့ ကျေးဇူးဆပ်ရာရောက်တယ်လို့ဆိုလိုခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဝန်ကြီးဌာနတွေ အဖွဲ့အစည်း အသီးသီးဟာ လူထုအားကိုရယူကာ မြန်မာပြည် အောက်ပိုင်း နေပြည်တော်ကောင်စီနယ်မြေအထိ မိုးလေး တဖြိုက်ဖြိုက်အောက်မှာ မေလကုန် လောက်ကစပြီး တပ်မတော် ကြည်း၊ ရေ၊ လေ က

> ❖ တကယ်တော့ တက္ကသိုလ်ကျောင်းသားရယ်၊ အခြေခံကျောင်းသားရယ်ဆိုပြီး ကွက်ပြောတာ မဟုတ်ပါဘူး။ သူနေခဲ့တဲ့ကျောင်းမှာ ရေမြေလွယ်ကူစွာ ရနိုင်တယ်။ ကမ္ဘာ့လူသားတစ်ယောက်၊ အမျိုးသား အမျိုးသမီးတိုင်းဟာ ကမ္ဘာ့စံနှုန်းဖြစ်တဲ့ “တစ်ယောက် တစ်နှစ်သစ်ပင်နှစ်ပင်” စိုက်ကြရင် လူသားတစ်ယောက်အနေနဲ့ ကမ္ဘာကြီးကို ပူနွေးမှုဒဏ်က ကာကွယ်စောင့်ရှောက်ရာရောက်၊ ဒီကမ္ဘာမှာ နေရတဲ့ ကျေးဇူးဆပ်ရာရောက်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်

သစ်ပင်တွေကို စတင်လှုပ်ရှား စိုက်ပျိုးခဲ့တာ တွေ့မြင်ရပါတယ်။ အမြော်အမြင်နဲ့ တစ်နိုင်ငံလုံး နှစ်စဉ် ဇူလိုင်လ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲရယ်လို့ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေဟာ မိသားစုပုံစံနဲ့ ကံ့ကော်ပင်တွေ စိုက်ကြတာတွေ့မြင်ရတော့ ယခင်က ပဲခူးရိုးမ တောင်စွယ်တောင်တန်းဟာ သစ်တောသစ်ပင် တွေကြားမှာ ယမ်းငွေ့နံ့တွေနဲ့ မွန်းကျပ်နေရာက နောင် ၁၅ နှစ်၊ နှစ်နှစ်ဆယ်မှာ ပန်းပိတောက်နဲ့ ကံ့ကော်ပန်းရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်လာမှာ ဖြစ်ပါတယ်။

ကမ္ဘာ့လှုပ်ရှားမှုအသွင်ဖြစ်လို့ ကိုယ့်ဒေသတွင်းကိစ္စ၊ ကိုယ့်ဒေသကိုယ့်ရပ်ရွာတွေနဲ့ တက္ကသိုလ်၊ ကျောင်းပရဝဏ်တွေ၊ လမ်းမကြီးတွေဘေးမှာ လူထု လူမှုအဖွဲ့အစည်းတွေ၊ အစိုးရဝန်ထမ်းတွေနဲ့ ကုမ္ပဏီ ဝန်ထမ်းတွေက အိုးစည်ဗုံမောင်းနဲ့ နှစ်စဉ်ပါဝင် စိုက်ပျိုးကြခြင်းအားဖြင့် ကမ္ဘာကြီးပူနွေးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏဖြစ်ပေါ်ခြင်း၊ တောမီးလောင်ခြင်းဘေးအန္တရာယ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သစ်ပင်တွေစိုက်ကြရင် အရိပ်အာဝါသရလို့ အေးမြတဲ့အပြင် လေထုထဲလည်း အောက်ဆီဂျင် ပိုပြီးရောက်သွားတော့ လေဟာ သန့်ရှင်းလာမယ်။ ရောဂါဖြစ်စေတဲ့ ဗက်တီးရီးယား တွေလည်း ကင်းစင်လာမယ်။

**လူနေမှုဘဝပုံစံနဲ့ အနာဂတ်ကမ္ဘာ**

ကမ္ဘာ့လူဦးရေဟာ ၂ ဒသမ ၅ ဘီလီယံပဲဖြစ်ဖြစ်၊ ခြောက်ဘီလီယံပဲဖြစ်ဖြစ် လူတစ်ဦးချင်းဟာ လှုပ်ရှားမှု တစ်ခုမဟုတ်တစ်ခုနဲ့ ကင်းနိုင်ကြတာ မဟုတ်။ လူတို့ဟာ အပြောကျယ်လှတဲ့ ရုက္ခသတ္တ လောကကြီးထဲမှာ နက်ရှိုင်းစွာ ယှက်နွယ်မှုတွေနဲ့ နှောင်ဖွဲ့ထားတာ ဖြစ်ပါတယ်။ လူ့ပတ်ဝန်းကျင်ဟာ တကယ်တော့ သီးခြားစီမဟုတ်၊ နက်ရှိုင်းပြီး ကွန်ရက်သဖွယ် ယှက်နွယ်ဆက်စပ်နေမှုကို လူ့ပတ်ဝန်းကျင်လို့ခေါ်တာပဲ ဖြစ်ပါတယ်။ ကောင်း တာမှန်သမျှ စားချင် ဝတ်ချင် လှချင်သူတွေကြီးထွား လာပါတယ်။ မြန်မြန်သွားချင်သူတွေ၊ မြင့်မြင့်မှာ နေချင်သူတွေ၊ မြို့ပြမှာ နေချင်သူတွေများသထက် များလာပါတယ်။ သွားလာနေထိုင်ရေးကအစ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကားတစီစီနဲ့ မောင်းနှင်လိုကြတဲ့ဆန္ဒအဆုံး အကျိုးဝင်သူတိုင်းဟာ လေထုတွင်းကို ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေ ထုတ်လွှတ်တာကို ကာဗွန်ခြေရာအဖြစ်၊ ဒီကာဗွန် ခြေရာအကြီးအသေးဟာ ရာသီဥတုပူနွေးမှုကို ထင်ဟပ်စေပါတယ်။ လေကောင်းလေသန့် ရေကောင်းရေသန့်ရှိတဲ့ တောအရပ်ကို ပစ်ပယ်ပြီး ငွေရလွယ်သော်လည်း နံစော်နေတဲ့မြို့ကို ပြောင်း လာကြပါတယ်။ လူနေမှုဘဝပုံစံဟာ ကာဗွန် ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ ဆက်စပ်နေတယ်လို့ ပြောတာဖြစ်ပါတယ်။

ညနေပိုင်း အပန်းဖြေစားသောက်ဆိုင်မှာ ဘီယာတစ်ကြိုက် အသားကင်တစ်ကိုက်၊ စားသောက် လေပန်းတဲ့ ဘဝပုံစံတစ်ခုကလည်း ကာဗွန်ဒိုင် အောက်ဆိုက် ၃၀၀ ဂရမ်၊ ပုလင်းဘီယာဆိုရင် ၅၀၀ ဂရမ်၊ နိုင်ငံခြားကတင်သွင်းတဲ့ဘီယာဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် (ကာဗွန်ဓာတ်ငွေ့) ၉၀၀ ဂရမ်အထိ ထွက်ပါတယ်။

ကုန်တိုက်စင်တာကြီးတွေမှာ တစ်ခေါ်လာတန် ပစ္စည်းတွေဝယ်ရင်လည်း ကာဗွန်ဓာတ်ငွေ့ဟာ ၆၅၀ ဂရမ် ထုတ်လွှတ်တယ်လို့လေ့လာမှုအရ သိရပါတယ်။ သယ်ယူပို့ဆောင်ရေးကြောင့် ကာဗွန်ဓာတ်ငွေ့ထွက်တာကို ပြောတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းထွက် ကိုယ့်အနီးအနားဒေသတွင်းက ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သမျှ ရောင်းကြဝယ်ကြရင် သယ်ယူစရိတ်ကျဆင်း၊ လောင်စာဆီသုံးရတာနည်းလာတော့ ကာဗွန်ဓာတ်ငွေ့အထွက်နည်းလို့ ရာသီဥတုပူနွေးမှုကို လျှော့ချရာရောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အသီးအရွက်ဝယ်မယ်ဆိုရင်တောင် ပြည်တွင်းဒေသထွက် စိုက်ပျိုးသီးနှံကို ဝယ်ယူစားသုံးသင့်တယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

**ဂျပန်နိုင်ငံရဲ့စပါးစိုက်ပျိုးရေး**

အလွန်အလျဉ်းသင့်တဲ့ ဥပမာတစ်ခုကတော့ ဂျပန်နိုင်ငံရဲ့စပါးစိုက်ပျိုးရေး လက်မလွှတ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဂျပန်ဟာ ထိုင်းနဲ့အမေရိကန်က ဆန်ဝယ်စားရင် စျေးအလွန်သက်သာပါတယ်။ ဂျပန်ဆန်ဟာ စျေးကြီးတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ထိုင်းကဆန်နဲ့ အမေရိကန်ဆန်ကို ဝယ်မစားပါဘူး။ ပြည်တွင်းထွက် ဂျပန်ဆန်ကို ဝယ်စားတာရဲ့ အကြောင်းတရားက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သာမက တစ်နိုင်ငံက တစ်နိုင်ငံသို့ ဆန်စပါးကို ရေကြောင်းက သယ်ဆောင်ရာမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ မသုံးရတာကပင် လေထုထဲ ကာဗွန်ဓာတ်ငွေ့ အရောက်နည်းသွားစေဖို့ပါပဲ။ ဒါဟာ ကြီးမားတဲ့ရည်ရွယ်ချက်၊ ကမ္ဘာကြီး ပူနွေးခြင်းက ကာကွယ်ခြင်းလို့ဆိုပါတယ်။

၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဒီဇယ်ဓာတ်ဆီနဲ့စက်တွေမောင်း၊ မြစ်ရေတင် စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေးကို အကြီးအကျယ် ဆောင်ရွက်ခဲ့လို့ ဆန်ရေစပါးပြည့်စုံခဲ့ပါတယ်။ ဒါဟာ ကာဗွန်သံသရာကို ကောင်းစွာနားလည်တဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒီဇယ်နဲ့ဓာတ်ဆီဟာ စက်ထဲ လောင်ကျွမ်းတော့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်၊ စပါးပင်တွေက အဲဒီကာဗွန်ဓာတ်ငွေ့ကိုစုပ်ယူ၊ စပါးဆန်ထုတ်ပေး၊ လူတွေစားတော့ ကာဗွန်ဓာတ်ငွေ့ ပြန်လည်ထုတ်ပေးတဲ့ ဒီဖြစ်စဉ်ဟာ တစ်ပတ်လည်ဖို့ နှစ် ၃၀၀ ကြာတယ်လို့ သိပ္ပံသဘောအရ သိရပါတယ်။

သိပ္ပံနည်းကျ တိုင်းတာချက်များအရ –

- လက်ကိုင်ဖုန်းနဲ့ တစ်နေ့ နှစ်မိနစ်ခန့် ပုံမှန်ဆက်သွယ်ပြောဆိုခဲ့ရင် တစ်နှစ်ကြာတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ ၄၇ ကီလိုဂရမ် ထုတ်လွှတ်တာနဲ့ညီမျှပါတယ်။ ဘာကြောင့်လဲ ဒီလက်ကိုင်ဖုန်းကို လျှပ်စစ်အားသွင်းရလို့ပဲ။
- သောမတ်အယ်ဒီဆင် တီထွင်ခဲ့တဲ့ တစ်ရာဝပ် မီးသီးကိုသုံး တစ်နှစ်တာ မီးမပိတ်မိခဲ့ရင် ကာဗွန်ဓာတ်ငွေ့ပမာဏ ၅၀၀ ကီလိုဂရမ်၊ မြန်မာအခေါ် အီကြာကွေး မီးလုံးသုံးခဲ့လို့ မီးမပိတ်မိခဲ့ရင် ကာဗွန်ဓာတ်ငွေ့ပမာဏ ၉၀ ကီလိုဂရမ် ထွက်ပါလိမ့်မယ်။
- ကိုယ်ပိုင်မော်တော်ကားကို တစ်နှစ် မိုင်ပေါင်း ၉၀၀၀ မောင်းခဲ့ရင် ထိုသူဟာ နှစ်စဉ် သစ်ပင် ၂၅ ပင် စိုက်ရမယ်လို့ ကာဗွန်ခြေရာအရ သိရပါတယ်။ လေထုထဲ ကာဗွန်ဓာတ်ငွေ့တန်ချိန် ၁၂တန်ထုတ်လွှတ်တဲ့မော်တော်ကားပိုင်ရှင်ဟာ တစ်နှစ်သစ်ပင် ၂၅ ပင်ကိုတော့ ဖြစ်အောင် စိုက်သင့်ပါတယ်။

တကယ်တော့ လောင်စာဆီအများအပြားသုံး၊ ဇိမ်ခံကားစီးတဲ့သူကိုယိုးမယ်ဖွဲ့တာ မဟုတ်ပါဘူး။ ဘယ်နိုင်ငံမဆို အရာရှိလူကြီး၊ လုပ်ငန်းရှင်ကြီး တစ်ဦးဟာ တစ်နေ့ ဆီနှစ်ဂါလန်၊ တစ်လ ဆီဂါလန် ၆၀ သုံးကာ အနည်းဆုံး ခရီးမိုင် ၇၅၀ ပေါက်ပါတယ်။ ကာဗွန်ဓာတ်ငွေ့ တစ်တန်လည်း လေထုထဲ ရောက်လာပါတယ်။ တစ်နှစ်ကုန်ရင် ဒီကားပိုင်ရှင်ဟာ ခရီးမိုင် ၉၀၀၀ ပေါက်ပါတယ်။ လိုအပ်လို့ ဒီလောက် ဓာတ်ဆီလောင်စာကို သုံးရတာဖြစ်သော်လည်း ကာဗွန်ဓာတ်ငွေ့တန်ချိန် ၁၂ တန် လေထုထဲ ထုတ်လွှတ်မိလျက်သား ဖြစ်သွားပါတယ်။ သိပ္ပံနည်းကျတွက်ချက်မှုအရ ၁၂ တန်သော ကာဗွန်ဓာတ်ငွေ့ကို သစ်ပင်ကသာစုပ်ယူနိုင်တာကြောင့် ဒီလုပ်ငန်းပိုင်ရှင် အရာရှိကြီးဟာ တစ်နှစ်သစ်ပင် ၂၅ ပင် စိုက်ရပါမယ်။

ဆေးရုံတွေ၊ ကျောင်းတွေနဲ့ ရုံးတွေမှာလည်း ရုံးဝန်ထမ်းတွေ၊ ပြည်သူတစ်ဦးချင်း လျှပ်စစ်သုံးတဲ့သူတိုင်းဟာ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်တဲ့ကိစ္စရှိကြတာမို့

*စာမျက်နှာ ၁၇ သို့*

# အိမ်မဲမြို့နယ် ကရင်တိုင်းရင်းသားရေးရာ စာပေနှင့်ယဉ်ကျေးမှုအသင်း၏ နှစ်ထပ်အာရ်စီရုံး ဆိုင်းဘုတ်ဖွင့်

**အိမ်မဲ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ချောင်းဝပိုင်း ရပ်ကွက် (၈) လမ်းတွင် ကရင်တိုင်းရင်းသားရေးရာ စာပေနှင့်ယဉ်ကျေးမှု အသင်း၏ (၁၈x ၄၅) ပေ နှစ်ထပ် အာရ်စီအသင်းရုံး ဆိုင်းဘုတ်တင် ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားကို တက်ရောက်လာသည့် ကရင်တိုင်းရင်းသားများက ကရင်အမျိုးသားသီချင်း သီဆို၍ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်ပြီး ကရင်တိုင်းရင်းသားရေးရာ စာပေနှင့်ယဉ်ကျေးမှုအသင်း၏ နှစ်ထပ်အာရ်စီအသင်းရုံး ဆိုင်းဘုတ်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် မြို့နယ်ကရင်တိုင်းရင်းသားရေးရာ စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်ပြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပြည်တန်ခန်းမတွင် ကရင်တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာ အိမ်မဲမြို့နယ် ကရင်တိုင်းရင်းသားရေးရာစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ အိမ်မဲမြို့နယ် ကျေးရွာဒေသများမှ ကရင်တိုင်းရင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ကရင်တိုင်းရင်းသားရေးရာ စာပေနှင့်ယဉ်ကျေးမှုအသင်း၏ နှစ်ထပ်အာရ်စီအသင်းရုံးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။

# ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အခြေခံပညာကျောင်းများ၌ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာတွင် ကျောင်းအတွက် ရေရှည်အကျိုးရှိစေမည့် နှစ်ရှည်ပင်များ၊ အရိပ်ရပင်များ၊ နေကာပင်များ၊ ဆေးဖက်ဝင်အပင်များ၊ အလှပန်းပင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ စိုက်ပျိုးကြသည်။ ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက " ကျွန်တော် ကျောင်းမှာ နှစ်ရှည်ပင်တွေ အမြဲစိမ်းလန်းစေမယ့် ညောင်ကျွန်းတို့၊ ညောင်ဝိုင်းတို့လို အပင်တွေ၊ မယ်ဇယ်ပင်တွေ၊ ဆေးဖက်ဝင် အပင်တွေနဲ့ မျက်စိပသာဒဖြစ်စေမယ့် ပန်းအလှအပင်တွေကို ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတွေနဲ့ ကျွန်တော်အပါအဝင် ကျောင်းက ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ စုပေါင်းပြီး စိုက်ပျိုးနေကြပါတယ်။ ဒီလိုစိုက်ပျိုးတဲ့အခါမှာ ပညာရေးပြက္ခဒိန်ပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပေမယ့် ဒီလုပ်ငန်းကအမှန်တကယ် အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ဝတ်ကျေတန်းကျေမဟုတ်ဘဲ စိတ်ပါလက်ပါနဲ့ ကြိုးစားဆောင်ရွက်နေကြပါတယ်" ဟု ၎င်းက ပြောသည်။



အနာဂတ် နိုင်ငံတော်၏ ခေါင်းဆောင်များ ဖြစ်လာမည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ငယ်စဉ်ကလေးဘဝကတည်းက သစ်တော၊ သစ်ပင်နှင့် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးစိတ်များ ဖြစ်ပေါ်ကာ လက်ဆင့်ကမ်းသယ်ဆောင်သွားစေနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ နှစ်စဉ် ဇူလိုင်လဒုတိယပတ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ပညာရေးပြက္ခဒိန်ပါ လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ခေါင်လန်ဖူးမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဖွင့်လှစ်

**ပူတာအို ဇူလိုင် ၁၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်မြင့်မားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၁/ ၂၀၂၂)ကို ဇူလိုင် ၄ ရက်မှ ၁၈ ရက်အထိ သင်တန်းကာလ ၁၅ ရက်ကြာ ခေါင်လန်ဖူးမြို့ ဂီထော့ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။

သင်တန်းသို့ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ၁၅ ရွာမှ သင်တန်းသား ၂၅ ဦးတို့ကို သင်တန်းနည်းပြဆရာနှစ်ဦးတို့က ဆိုင်ကယ်တစ်စီး၏ Frame ပိုင်း၊ Engine ပိုင်း၊ ဝိုင်ယာရိန်းပိုင်း၊ Lighting ပိုင်းနှင့် Fuel System ပိုင်းတို့ကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရန်အတွက် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

ထို့ပြင်သင်တန်းတွင် သင်တန်းသားများအား စာရေးကိရိယာပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းအချို့အား ထောက်ပံ့ပေးလျက်ရှိသည်။ ခေါင်လန်ဖူးမြို့နယ်သည် ဝေးလံခက်ခဲသော တောင်ပေါ်မြို့ဖြစ်သည်နှင့်အညီ လမ်းခရီးကြမ်းတမ်းသောကြောင့် ဆိုင်ကယ်ဖြင့်သွားလာရာတွင် စက်ပစ္စည်းချွတ်ယွင်းမှုများကြောင့် ခရီးကြန့်ကြာမှုများ မကြာခဏကြုံတွေ့ရတတ်ပြီး အဆိုပါသင်တန်း ဖွင့်လှစ်ပေးခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမို ရရှိလာမည့်အပြင် လမ်းခရီးတွင် ဆိုင်ကယ်များ ပျက်စီးချွတ်ယွင်းမှုများနှင့် ကြုံတွေ့ရပါကလည်း အဆင်ပြေချောမွေ့စွာ ကျော်လွှားနိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖုန်ကန်(ပူတာအို)**

*စာမျက်နှာ ၁၆ မှ*

ကမ္ဘာကြီးပူနွေးလာပါမယ်။ ရာသီဥတုဖောက်ပြန်တာတွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာ သိထားဖို့၊ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်ရတဲ့နိုင်ငံတွေ၊ မော်တော်ယာဉ် ကြီး၊ ငယ်တွေ အလွန်အကျွံသုံးတဲ့ နိုင်ငံတွေမှာ လောင်စာဆီနဲ့ လျှပ်စစ်သုံးကြရင် ကာဗွန်ဓာတ်ငွေ့ထွက်တာ၊ ထုတ်လွှတ်တဲ့ ကာဗွန်ဓာတ်ငွေ့ကို စုပ်ယူနိုင်တဲ့ သစ်တောသစ်ပင်တွေကို စိုက်ကြရမယ်ဆိုတာသိဖို့ အသေးစိတ်ရေးရတာ ဖြစ်ပါတယ်။ ရေရှည်ဖွံ့ဖြိုးဖို့ အထိရောက်ဆုံးလှုပ်ရှားမှုကြီးက သစ်ပင်စိုက်ပျိုးတာပဲဖြစ်ပါတယ်။ အနိမ့်ဆုံးအဆင့်မှာတောင် ကိုယ့်ခြံဝင်းအတွင်း ၁၈ ပေ- ၃ ပေအကျယ်မှာ ပန်းပင်အလှတွေ စိုက်ရင်ပဲ ကိုယ့်အိမ်ကထွက်တဲ့ ကာဗွန်ဓာတ်ငွေ့ကို သန့်စင်နိုင်ပြီလို့ ပြောနိုင်ပါတယ်။

ကမ္ဘာကြီးကို ပူနွေးစေတဲ့ အဓိကဓာတ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကိုယ့်ကြောင့် ပိုမိုမထွက်စေဖို့ လိုအပ်ပါတယ်။ ကိုယ်တစ်ယောက်တည်းအနေနဲ့ မည်သို့မည်ပုံလျှော့ချနိုင်မယ်ဆိုတာတွေလည်း စဉ်းစားနိုင်မှာဖြစ်ပါတယ်။ ဒီသဘောပဲ သန်းပေါင်းခုနစ်ထောင်ကျော်ရှိတဲ့ ကမ္ဘာ့လူထုဟာ ကာဗွန်ဓာတ်ငွေ့ လျှော့ချတဲ့နည်းတွေကို မမေ့မလျော့ ကျင့်သုံးရမှာဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေ လျှော့ချဖို့ကိစ္စဟာ အကြီးမားဆုံး အခက်အခဲပဲ၊ မဖြစ်နိုင်လောက်တဲ့ကိစ္စဖြစ်ပါတယ်။ ကမ္ဘာကြီး ပူနွေးလာပြီး ဘေးဒုက္ခအပေါင်းကကင်းဝေးဖို့၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူထုတွင်းမှာရှိတဲ့ ထုတ်လုပ်ရောင်းချသုံးစွဲသူတိုင်းမှာ တာဝန်ကိုယ်စီရှိကြတာကို သိရှိရုံသာမက လိုက်နာကျင့်သုံးရမှာဖြစ်တယ်။

- မြို့ကြီးပြကြီးတွေမှာ လူထုသုံး ဘတ်စ်ကားလိုင်း၊ မြို့ပတ်ရထား၊ မြေအောက်ရထားလိုင်းတွေနဲ့ ရုံးသွားရုံးပြန်လုပ်ကြရပါမယ်။ ကျောင်းကြို၊ ကျောင်းပို့ လုပ်ကြရပါမယ်။
- အပြင်မှာ လွန်စွာပူပြင်းမှ လေအေးစက်ကို အသုံးပြုရပါမယ်။
- အသီးအနှံ၊ အသား၊ ငါးကိုပြည်တွင်းရွာနီးချုပ်စပ်က ဝယ်ယူသုံးစွဲကြရပါမယ်။
- လျှော့ – ပြန်လည်သုံးနဲ့ အလီလီသုံးနိုင်တယ်ဆိုတဲ့ (Reduce, Reuse and Recycle) စနစ်ကို ကျင့်သုံးရပါမယ်။

ပုံမှန်လုပ်ရိုးလုပ်စဉ်တွေကို ရှေးအရင်ကလိုလုပ်နေကြမယ်ဆိုရင် ဆိုင်ကလုန်းတွေနဲ့ တွေ့ရလိမ့်မယ်။ မိုးသည်းထန်၊ မိုးခေါင်တဲ့ဖြစ်ရပ်တွေ ရေကြီးရေလျှံရေဘေးဒုက္ခတွေကြုံရလိမ့်မယ်။

ကောင်းပါပြီ.. ဒီဆောင်းပါးကို ဒီလိုနိဂုံးချုပ်ချင်ပါတယ်။

“ရေမကြွယ် ထင်းမကြွယ်” ဆိုတဲ့ အတိုင်း– လူတိုင်းလူတိုင်းဟာ–

- ကမ္ဘာကြီးပူနွေးခြင်း၊ ပုံမမှန်ရာသီဥတု ဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏတိုက်ခိုက်ခြင်း ဘေးအန္တရာယ်က ကာကွယ်ရာမှာ တစ်ခုသောနည်းလမ်းဟာ ရေနဲ့ လျှပ်စစ်ဓာတ်ကို ခြိုးခြံချွေတာထုတ်လုပ်သုံးစွဲဖို့နဲ့ ကမ္ဘာ့စံနှုန်းဖြစ်တဲ့ “တစ်ယောက်တစ်နှစ် သစ်ပင်နှစ်ပင်” စိုက်ကြရင် ရွှေတိုက်ကို စိုးနိုင်မှာဖြစ်ကြောင်း ရေးသားအပ်ပါတယ်။ ။



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေကို ဇယားနဲ့တကွဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဇယားမှာဖော်ပြထားတဲ့ကြိယာတွေဟာ ဝါကျဖွဲ့တဲ့အခါမှာ သက်ဆိုင်ရာ အချိန်ကာလအမျိုးမျိုးအတွက် အသုံးဝင်မှာဖြစ်တဲ့အတွက် အသေအချာလေ့လာထားစေချင်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Shortest way to talk about your daily routine in English–1” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary ပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေကို ဇယားနဲ့တကွ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဇယားမှာဖော်ပြထားတဲ့ ကြိယာပုံစံတွေကို လေ့လာထားဖို့လိုပါတယ်။ အဲလိုလေ့လာထားမှသာ နောင် Tenses တွေအကြောင်းဆက်လက်ရှင်းပြတဲ့နေရာမှာ လွယ်လွယ်ကူကူနားလည်မှာဖြစ်သလို ကောင်းကောင်းအသုံးပြုတတ်မှာဖြစ်ပါတယ်။

| Present Tense | Past Tense | Past Participle | Present Participle |
|---|---|---|---|
| catch | caught | caught | catching |
| choose | chose | chosen | choosing |
| come | came | come | coming |
| creep | crept | crept | creeping |
| dig | dug | dug | digging |
| do | did | done | doing |
| draw | drew | drawn | drawing |
| drink | drank | drunk | drinking |
| drive | drove | driven | driving |
| eat | ate | eaten | eating |
| fall | fell | fallen | falling |
| feed | fed | fed | feeding |
| feel | felt | felt | feeling |
| fight | fought | fought | fighting |
| find | found | found | finding |
| fly | flew | flown | flying |

## Verb: change

Change means: to become different or exchange something

| V1 | V2 | V3 | V4 |
|---|---|---|---|
| Change | Changed | Changed | Changing |

**Synonym:** exchange, replace, interchange, convert

**Examples:**
1) I will change my school.
2) Saira changed dress after the party.
3) Jai changed channels when the news came on.

| | | | |
|---|---|---|---|
| forget | forgot | forgotten | forgetting |
| forgive | forgave | forgiven | forgiving |
| freeze | froze | frozen | freezing |
| get | got | got | getting |
| give | gave | given | giving |
| go | went | gone | going |
| grow | grew | grown | growing |
| hang(thing) | hung | hung | hanging |
| hear | heard | heard | hearing |
| hide | hid | hidden | hiding |
| hold | held | held | holding |
| keep | kept | kept | keeping |
| kneel | knelt | knelt | kneeling |
| know | knew | known | knowing |
| lay | laid | laid | laying |
| lead | led | led | leading |
| leave | left | left | leaving |
| lie | lay | lain | lying |
| light | lit | lit | lighting |
| lose | lost | lost | losing |
| make | made | made | making |

| | | | |
|---|---|---|---|
| meet | met | met | meeting |
| pay | paid | paid | paying |
| ride | rode | ridden | riding |
| ring | rang | rung | ringing |
| rise | rose | risen | rising |
| run | ran | run | running |
| saw | sawed | sawn | sawing |
| say | said | said | saying |
| see | saw | seen | seeing |
| sell | sold | sold | selling |
| send | sent | sent | sending |
| sew | sewed | sewn | sewing |
| shake | shook | shaken | shaking |
| shine | shone | shone | shining |
| shoot | shot | shot | shooting |

## VOCABULARY (ANTONYMS)

1. foolish (မိုက်မဲသော) ≠ wise (အမြော်အမြင်ရှိသော)
2. forbid (တားမြစ်သည်) ≠ permit (ခွင့်ပြုသည်)
3. foreign (နိုင်ငံခြား၊ တိုင်းတစ်ပါး) ≠ local (ဒေသတွင်း၊ နယ်ခံ)
4. forget (မေ့သည်) ≠ remember (သတိရသည်)
5. former(ယခင်က၊ ရှေးက) ≠ latter (နောက်ပိုင်း)
6. found (တွေ့ရှိခဲ့သည်) ≠ lost (ပျောက်ဆုံးသည်)
7. fresh (ပူပူနွေးနွေး၊ လတ်ဆတ်သော) ≠ stale (အောက်သိုးသိုးနံသော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about your daily routine in English–6

**ဒီတစ်ပတ်မှာတော့ talking about your work routine (ကိုယ့်ရဲ့နေ့စဉ်အလုပ်အစီအစဉ်) အကြောင်း ပြောတဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို “Shortest way to talk about your daily routine in English–1” ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

*What’s your working day like?*

၁။ ကိုယ့်ရဲ့အလုပ်လုပ်တဲ့ တစ်နေ့တာ ဘယ်လိုလဲ ဆိုပြီး မေးတဲ့အခါ ဒီလိုအမေးပုံစံမျိုးနဲ့ မေးနိုင်ပါတယ်။–

- What’s your working day like?

*……. suits me.*

၂။ ဒါက ကိုယ်နဲ့သင့်တော်တယ်လို့ ပြောချင်ရင် …. suits me လို့ ပြောနိုင်ပါတယ်။ ဥပမာ –

- It suits me.
- Working freelance suits me.

*at the latest*

၃။ နောက်ဆုံးပဲ၊ နောက်ဆုံးထားပြီး၊ နောက်ဆုံးအနေနဲ့ဆိုပြီး ပြောချင်ရင်တော့ at the latest ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ–

- I have to leave the house at half past seven at the latest.

*at the earliest*

၄။ အစောဆုံးပဲ၊ အစောဆုံးထားပြီး၊ အစောဆုံးအနေနဲ့ဆိုပြီး ပြောချင်ရင်တော့ at the earliest ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- I don’t get home until seven at the earliest.

*Do you work the same hours every day?*

၅။ နေ့တိုင်းဒီအလုပ်ချိန်ပဲလား၊ အလုပ်ချိန်တူတူပဲလား၊ နေ့တိုင်း ဒီအလုပ်လုပ်ချိန်ပဲလား ဆိုပြီး မေးတဲ့အခါမှာတော့

- Do you work the same hours every day?

**Conversation**

**You’re working freelance now**

**Lucy:** You’re working freelance now, right?

**Henry:** Yeah, that’s right. I’ve been doing it for about six months now.

**Lucy:** That must be nice. You can work from home; you don’t have to deal with bad bosses.

**Henry:** Yeah, it has its pluses, but it’s not all fun and games. Obviously, my work is more flexible, but I still have to be disciplined and make sure I stick to a schedule.

**Lucy:** So, *what’s your working day like?*

**Henry:** I like to get an early start, so I get up at eight and I work from eight thirty to around midday. Then I take a long lunch break; maybe go to the gym or something like that. Then I do another three to four hours in the evening, so I finish at seven or eight.




**Lucy:** That’s quite a late finish.

**Henry:** Yeah, but *it suits me.* I get sleepy in the afternoon, so it’s not the best time to work.

**Lucy:** That still sounds much nicer than working a regular job. I have to get up at six thirty, then my commute takes around an hour, so *I have to leave the house at half past seven at the latest.* I’m at the office from eight thirty till five thirty or six, then *I don’t get home until seven at the earliest.*

**Henry:** I have to say: working at home has some disadvantages, but I don’t miss commuting every day.

**Lucy:** No, you shouldn’t. It sucks!

**Henry:** *Do you work the same hours every day?*

Lucy: More or less. Sometimes I stay late if there’s something I need to finish, but I try to leave on time.

ကိုယ့်ရဲ့နေ့စဉ် အလုပ်အစီအစဉ်အကြောင်းမေးတဲ့အခါ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေကတော့ –

- What’s your working day like?
- What time do you start and finish?
- Do you often work long hours?
- Do you take any breaks during the day?

ဖြေပုံဖြေနည်းအမျိုးမျိုးရှိပေမယ့် လိုတိုရှင်း ပြန်လည်ဖြေဆိုပုံများကို အောက်မှာနမူနာအဖြစ် ဖြေပြထားပါတယ်။

- ➢ I start work at 9, and I finish at five.
- ➢ I’m a freelancer, so I work different hours every day. It depends what I have to do.
- ➢ I often have to stay late at work.
- ➢ I finish at seven o’clock at the earliest.
- ➢ I can only take a short lunch break.
- ➢ I take a long break in the after–noon.
- ➢ I usually finish work by 5.30 at the latest.
- ➢ I never stay late or do overtime.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ငါးတို့၏ အဆန်လမ်း သို့မဟုတ် မျိုးဆက်၏တာဝန်ထမ်းကြသူများ

ဆန်းဝင်း (ငါးဦးစီး)

**ငါးတို့သည် တစ်နေရာတည်းတွင် နေထိုင်လေ့မရှိဘဲ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာလျက်ရှိပေသည်။ အဓိကအားဖြင့် မိတ်လိုက်ဥချသားပေါက်ရန် ရွှေ့ပြောင်းသွားလာခြင်း (Spawning migration)၊ အစားအစာရှာဖွေစားသောက်ရန်ရွှေ့ပြောင်းခြင်း (Feeding migration)၊ ၎င်းတို့အတွက်လုံခြုံသည့် နေရာရှာဖွေရန် ရွှေ့ပြောင်းသွားလာခြင်း (Overwintering migration) စသည့်အကြောင်းရင်းများကြောင့် ရာသီအလိုက် တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားလာကြပေသည်။**

ယခုလို မိုးဦးကာလရောက်လျှင်ဖြင့် ၎င်းတို့၏ မျိုးဆက်တာဝန်ထမ်းဆောင်ကြရန်အတွက် မိတ်လိုက်ဥချသားပေါက်ရန် ရွှေ့ပြောင်းသွားလာကြပြီဖြစ်သည်။ ငါးတို့တွင် ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးဘတ်၊ ငါးကြင်းစသည့် ရေချိုမှာ တစ်သက်လုံး နေထိုင်ကြသည့် (Potamodromous) ငါးမျိုးများ၊ ငါးလင်ပန်းကဲ့သို့သော ရေချိုတွင် နေထိုင်ပြီး မျိုးပွားရန်အတွက် ရေငန်ကိုပြန်ကြသည့် (Catadromous) ငါးမျိုးများ၊ ဆယ်လ်မွန်ငါးများကဲ့သို့ ပင်လယ်တွင်နေထိုင်ပြီး မျိုးပွားရန်အတွက် ရေချိုကိုပြန်လာကြသည့် (Anadromous) ငါးမျိုးများစသည်ဖြင့် မတူကွဲပြားသော ရေပြင်များကို သွားလာကြပြီး လောကဓမ္မတာအရ ၎င်းတို့၏ မျိုးဆက်ပြန့်ပွားရန် တာဝန်ထမ်းဆောင်ကြပါသည်။


မိတ်လိုက်ဥချမည့်နေရာသို့ ရောက်ရန် ရေကိုဆန်တက်ကူးခပ်နေသောငါးများ။

**★ ငါးတို့သည် မြစ်မချောင်းမကြီးမှ ၎င်းတို့ဥချသားပေါက်မည့် ရေလျှံကွင်းများသို့ လာရာလမ်းကြောင်းသည် အနှောင့်အယှက်များစွာရှိပါသည်။ ထိုအချိန်တွင် လူတို့၏ ဖမ်းယူစားသောက်ခြင်းကိုခံရသဖြင့် မိတ်လိုက်ဥချခွင့်မရတော့ဘဲ သေဆုံးကြရသည်။ ယခုအချိန်တွင် မိတ်လိုက်ဥချသားပေါက်ကြမည့် ငါးများကိုမဖမ်းကြဘဲ ခေတ္တစောင့်ဆိုင်းခြင်းဖြင့် သန်းပေါင်းများစွာသော ငါးများပေါက်ပွားလာမည်ဖြစ်သည်**

ကျွန်တော်ရေးခဲ့သည့် ငါးတို့၏ အပြန်လမ်း(သို့) ရေချိုငါးလုပ်ငန်းတွင် ဖော်ပြသကဲ့သို့ ယခင်နှစ် မိုးနှောင်းရာသီက လူတို့ဖမ်းယူစားသောက်ခြင်းမှ လွတ်မြောက်ပြီး မြစ်များ၊ ချောင်းမကြီးသို့ ပြန်လည်ရောက်ရှိသည့်ငါးများသည် ယခုလို မိုးဖြိုင်ဖြိုင်ရွာချိန်တွင် ငါးအထီး၊ အမကြီးများ (Breeders) များအဖြစ် ရောက်ရှိနေကြပြီဖြစ်သည်။ ၎င်းတို့ မျိုးဆက်တာဝန်ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပေသည်။

ရေချိုငါးများ သားပေါက်ရာတွင် ရောဝတီလင်းပိုင်ကဲ့သို့ ရေနေနို့တိုက်သတ္တဝါမှလွဲ၍ ခန္ဓာကိုယ်ပြင်ပတွင် သန္ဓေအောင်ကြသည်။ အရွယ်ရောက်ငါးအမကြီး၏ဗိုက်ထဲရှိ ဥများမှာ မိုးဦးရာသီရောက်လျှင် ဥများ ကြီးထွားရင့်မှည့်လာသော်လည်း ငါးအထီးနှင့် တွေ့ဆုံမိတ်လိုက်မှသာ ဥချလေ့ရှိသည်။ မိတ်လိုက်ဥချရာတွင် ငါးအမက ဥကိုညှစ်ထုတ်ပြီး ငါးအထီးက သုက်ရည်ဖျန်းပေးကာ ပြင်ပတွင် သန္ဓေအောင်စေပါသည်။


ငါးဥများ ဥချတော့မည့် အရွယ်ရောက် ငါးမကြီးများ။

ငါးများသားပေါက်ရာတွင် မိဘစောင့်ရှောက်သောငါးများ (Parental care) နှင့် မိဘစောင့်ရှောက်မှု မရသောငါးများ (Non parental care) ဟူ၍ ရှိသည်။ ငါးရံ့ကဲ့သို့ငါးမျိုးတွင် ငါးငယ်ကလေးများကို ငါးအထီးက လိုက်လံစောင့်ရှောက်သဖြင့် အခြားအသားစားသတ္တဝါများရန်မှ ကင်းဝေး၍ ရှင်သန်နှုန်း (Survival) မြင့်မားပါသည်။ သို့သော် ရေချိုငါးအများစုမှာ မိဘစောင့်ရှောက်လေ့မရှိဘဲ သင့်တော်သည့်နေရာတွင် မိတ်လိုက်ဥချပြီး ထွက်ခွာသွားလေ့ရှိကြသည်။

သို့ရာတွင် မျိုးဆက်ရှင်သန်ရန်အတွက် သဘာဝကပေးသော အသိရှိသည်။ ဥမှပေါက်ခါစ ငါးငယ်ကလေးများသည် ရေတစ်တောင်ထက်ကျော်၍ နက်လျှင် ရေနစ်သေကြသည်။ ငါးတို့မှာ နို့တိုက်သတ္တဝါကဲ့သို့ သားသမီးကို ကျွေးမွေးရန်မရှိကြသဖြင့် အစာရှိသည့်နေရာ၊ ရေတိမ်သည့်နေရာများကို ရှာဖွေကြသည်။

ယခုလို မိုးဖြိုင်ဖြိုင်ရွာချိန် ကွင်းရေအနည်းငယ်တက်ပြီဆိုသည်နှင့် ရိုးချောင်းငယ်လေးများ၊ လယ်ကွင်းကိုင်းကွင်းများ၊ မြက်တောကြီးများသည် ရေလျှံကွင်းဖြစ်လာပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးခဲ့သော ဓာတ်မြေဩဇာများ၊ ရိုးပြတ်များ၊ အပင်သေများ၊ နွားချေး၊ ကြက်ချေးများ ရေတွင်ပျော်ဝင်ကာ ငါးတို့၏သဘာဝအစာဖြစ်သော အပင်မျောလေး (phytoplankton)၊ အပင်မျောလေး (zooplankton) များ ပေါက်ပွားလာကာ အစာများဖြင့် ပြည့်ဝနေသော မိတ်လိုက်ဥချ သားပေါက်ရန်နေရာ (spawning ground) နှင့် အစာရှာဖွေကွင်း (feeding ground) စသည်ဖြင့် ငါးတို့အတွက် နတ်ဘုံနတ်နန်းသဖွယ် ပေါ်ပေါက်လာပါတော့သည်။

ငါးတို့သည် မြစ်မချောင်းမကြီးမှ ၎င်းတို့ ဥချသားပေါက်မည့် ရေလျှံကွင်းများသို့ လာရာလမ်းကြောင်းသည် အနှောင့်အယှက်များစွာ ရှိပါသည်။ ထိုအချိန်တွင် လူတို့၏ ဖမ်းယူစားသောက်ခြင်းကိုခံရသဖြင့် မိတ်လိုက်ဥချခွင့်မရတော့ဘဲ သေဆုံးကြရသည်။ ယခုအချိန်တွင် မိတ်လိုက်ဥချသားပေါက်ကြမည့် ငါးများကိုမဖမ်းကြဘဲ ခေတ္တစောင့်ဆိုင်းခြင်းဖြင့် သန်းပေါင်းများစွာသော ငါးများ ပေါက်ပွားလာမည်ဖြစ်သည်။ ထိုငါးများသည် မည်သူကမျှ အစာကျွေးစရာမလိုဘဲ၊ ငါးကန်တူးဖော်စရာမလိုဘဲ သဘာဝရေ၊ သဘာဝအစာဖြင့် အခမဲ့ ငါးရိက္ခာရရှိကြမည် ဖြစ်သည်။

သဘာဝတိုင်းရင်းငါးများသည် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် လိုအပ်သော အခွန်အခ ငါးရိက္ခာ ငါးအာဟာရ အလုပ်အကိုင်အခွင့်အလမ်းများ နှစ်စဉ်ရရှိနေမည်ဖြစ်သောကြောင့် ငါးရစ်ငါးသန် ရာသီချိန် မေလ၊ ဇွန်လ၊ ဇူလိုင်လများတွင် ငါးဖမ်းဆီးခြင်းကို တားဆီးရန်မှာ ဌာနဆိုင်ရာများသာမက ငါးစားသုံးသူများအားလုံးတွင် တာဝန်ရှိသည်။ ကျွန်တော်တို့၏ တိုင်းရင်းငါးများသည် သက်ရှိသတ္တဝါများဖြစ်သည့်အတွက် ၎င်းတို့ဘဝတစ်လျှောက် တစ်ကြိမ်လောက် ဥချသားပေါက်ခွင့်ရရှိရေး ဝိုင်းဝန်းကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မော်လမြိုင်ကျွန်းမြို့နယ်၌ ရေလုပ်သားများငါးဖမ်းနေစဉ် မိကျောင်းငယ်တစ်ကောင်ဖမ်းမိ စစ်ဆေးတိုင်းတာမှုများ စနစ်တကျပြုလုပ်ပြီး မြစ်အတွင်းပြန်လွှတ်ပေး



မော်လမြိုင်ကျွန်း ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင် ၈ ရက် ညနေလေးနာရီခန့်က ရေလုပ်သားများ ငါးဖမ်းနေစဉ် မိကျောင်းတစ်ကောင်ဖမ်းမိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့ အမှတ် (၁၀) ရပ်ကွက် ယမုံနာလမ်းမှ ရေလုပ်သားလေးဦးသည် ငါးဖမ်းရန်အတွက် စက်လှေဖြင့် ရာဇူဒိုင်မြစ်အတွင်းသို့ထွက်လာခဲ့ပြီး ရာဇူဒိုင်မြစ်ကမ်းဘေးရှိ ချောင်းငယ်လေးအနီးတွင် ငါးဖမ်းရန်အတွက် စက်လှေပေါ်မှ ငါးဖမ်းပိုက်ချပြီး မြစ်ရေအတွင်းမှ ငါးဖမ်းပိုက်ကို လူလေးယောက်က ကမ်းစပ်သို့ ဆွဲတင်ရာ ပိုက်ထဲတွင် ငါးများနှင့်အတူ မိကျောင်းငယ်တစ်ကောင်ပါလာကြောင်းတွေ့ရသဖြင့် ပြန်လွှတ်ပေးနိုင်ရန်ပြုလုပ်ကြရာ မိကျောင်းငယ်၏ ခြေသည်း၊ လက်သည်းများက ပိုက်ကြိုးများ ဖြင့်ငြိနေသောကြောင့် မိကျောင်းငယ်ကိုကိုင်၍ ဖြုတ်ပေးရန်ပြုစဉ် မိကျောင်းငယ်က ပြန်ကိုက်သဖြင့် မဖြုတ်ဝံ့တော့ဘဲ ပိုက်များနှင့်အတူ စက်လှေပေါ်သို့ဆွဲတင်ကာ အိမ်သို့ပြန်လာခဲ့သည်။ ယင်းနောက် သက်ဆိုင်ရာသို့ အကြောင်းကြားရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဌာနမှ တာဝန်ရှိသူများရောက်ရှိလာပြီး တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ကြသည်။

မိကျောင်းငယ်သည် အလျားလေးပေရှိပြီး တာဝန်ရှိသူများက မော်လမြိုင်ကျွန်းမြို့၏အနောက်ဘက် ရေချိုရေငန်အစပ်ဖြစ်သော သစ်တောကြိုးဝိုင်းအနီးရှိ မြစ်အတွင်းသို့ မိကျောင်းကို ပြန်လွှတ်ပေးခဲ့ကြောင်းနှင့် ထိုသို့လွှတ်ပေးခဲ့ခြင်းကို ပြည်သူများသိရှိနိုင်ရန် ဗီနိုင်းဆိုင်းဘုတ်ကို စိုက်ထူပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(မော်ကျွန်း)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ အခမ်းအနားသို့တက်ရောက်



**ထားဝယ် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ ဇဟာကျေးရွာရှိ တောင်သူ ဦးအောင်နေစိုး၏ မိုးစပါးစိုက်ခင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ၂၀၂၂ - ၂၀၂၃ ခုနှစ် မိုးရာသီတွင် မိုးစပါး ၂၂၃၇၄၂ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ယခု ဇွန်လကုန်အထိ ၁၆၄၂၅ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလို မိုးစပါး စိုက်ပျိုးနေသောအချိန်ကာလတွင် စိုက်ပျိုးနည်းစနစ် မှန်ကန်စွာ စိုက်ပျိုးဆောင်ရွက်နိုင်မှသာ အထွက်ကောင်းသည့် ရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးနည်းစနစ်များစွာရှိသည့်အနက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသည် အချိန်ကုန်သက်သာခြင်း၊ ငွေကုန်သက်သာခြင်း၊ အလုပ်သမားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ် များစွာရှိသောကြောင့် တိုင်းဒေသကြီး၏ ရေမြေရာသီဥတုနှင့် လယ်မြေများ၏ တည်ရှိမှု ပုံသဏ္ဌာန်များအရ မိမိတို့ ရေမြေရာသီဥတုနှင့် ကိုက်ညီသင့်လျော်သော နည်းစနစ်များကို ကျင့်သုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲပြီး မြေယာပြုပြင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ သိုလှောင်ချိန်အထိ စက်ကိရိယာများ သုံးစွဲဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်လာပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေး ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် အမြဲမပြတ် ဆက်သွယ်ဆောင်ရွက်ပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် သွင်းအားစုဆိုင်ရာ လိုအပ်ချက်များ ရောဂါပိုးမွှား ကာကွယ်နှိမ်နင်းနည်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လက်ဆင့်ကမ်းရယူလျက် မိမိတို့စိုက်ပျိုးထားရှိသော သီးနှံများ၏ တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထိုက်က မိုးစပါးစိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ထွေးက စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား အိမ်ခြံဝင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်အတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူ ဦးအောင်နေစိုး၏ မိုးစပါးစိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကိုလည်းကောင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်နေမှုကို လည်းကောင်း ကွင်းသရုပ်ပြပွဲအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဟိုပန်မြို့နယ်၌ စားသုံးဆီဖူလုံမှုရရှိစေရေး မိုးသီးနှံနေကြာ သီးထပ်စိုက်ပျိုး



**ဟိုပန် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း 'ဝ' ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် ဒေသအတွင်း ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီဖူလုံမှု ရရှိစေရန်နှင့် တောင်သူများ ဝင်ငွေ ပိုမိုတိုးတက်လာစေရန် တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို အသိပညာပေးပြီး လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံနေကြာ သီးထပ်စိုက်ပျိုးခြင်းကို မော်ဟွေ့ကျေးရွာရှိတောင်သူ ဦးစိုင်းအောင် ယာမြေ ကွင်းအမှတ်(၈)၌ ကွင်းဆင်းစိုက်ပျိုးပေးသည်။

အဆိုပါ ယာမြေကွင်းအမှတ် (၈) နေကြာသီးနှံ စံပြကွက်တွင် မိုးဦးနေကြာသီးနှံကို ဧပြီ ၁၉ ရက်က စတင်စိုက်ပျိုးခဲ့ရာ ဇူလိုင် ၇ ရက်တွင် ရိတ်သိမ်းခဲ့ပြီး ယနေ့ စိုက်ပျိုးခြင်းသည် မိုးလယ်ချိန်၌ နေကြာသီးနှံအား သီးထပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

နေကြာသီးနှံ သီးထပ်စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချိုလေးနှင့် ဝန်ထမ်းများက တောင်သူများကို မိုးနေကြာရေဆင်း(၁)စပ်မျိုး နေကြာမျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းများဆောင်ရွက်ပြီးစီး

**အုတ်တွင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ (ဆီထွက်သီးနှံ)စီမံကိန်း အကြောင်းအရာများကို ကျေးလက်နေပြည်သူများသိရှိနိုင်ရေး စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇူလိုင် ၆ ရက်မှ စတင်၍ သာဂရကျေးရွာ၊ ချောင်းနားကျေးရွာ၊ ဇီးဖြူတောင်(အထက်) ကျေးရွာ၊ သံဒိုင်ခင်ကျေးရွာနှင့် ခေါင်းရမ်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၀ ရက်တွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်စေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ပြောကြားပေးခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာ(ဆီထွက်သီးနှံ) စီမံကိန်းကို Type-1 ကျေးရွာတစ်ရွာအတွက် ငွေကျပ်သိန်း ၃၀၀၊ Type-3 ကျေးရွာလေးရွာအတွက် ငွေကျပ်သိန်း ၄၀၀ စုစုပေါင်း ငွေကျပ်သိန်း ၇၀၀ ကို အတိုးနှုန်း သက်သာစွာဖြင့် နေကြာစိုက်တောင်သူများ၊ တခြား ဆီထွက်သီးနှံစိုက်တောင်သူများ၊ တခြား သီးနှံစိုက်တောင်သူများနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း ဆောင်ရွက်သူများကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို(ကျေးလက်)

# စစ်တွေမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြသဏ္ဍာန်တူလေ့ကျင့်

**စစ်တွေ ဇူလိုင် ၁၀**

စစ်တွေမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြသဏ္ဍာန်တူ လေ့ကျင့်ခြင်းကို စစ်တွေခရိုင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်ကာ ယနေ့ နံနက်ပိုင်းက စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်း အခြေအနေ၊ မုန်တိုင်းအဆင့်ဆင့် ပြောင်းလဲလာမှုတို့ကို ကျေးရွာအတွင်း လှည့်လည်ကြေညာခြင်း၊ မိုးလေဝသသတင်းများကို နားထောင်စေခြင်း၊ မုန်တိုင်းအနီရောင်အဆင့်သို့ ပြောင်းလဲသွားသည်ဟု သတင်းရသဖြင့် ကျေးရွာအတွင်းရှိ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ခိုလှုံရာနေရာများသို့ ပြောင်းရွှေ့ခြင်းများကို ဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်စဉ် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ၊ မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် ပရဟိတအဖွဲ့များမှ ရွှေ့ပြောင်းခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို သဏ္ဍာန်တူ လေ့ကျင့်ခဲ့ကြသည်။ အလားတူ မုန်တိုင်း ကျရောက်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ အစားအစာများ ထောက်ပံ့ပေးခြင်းများကိုလည်း ဆက်လက် လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြသဏ္ဍာန်တူ လေ့ကျင့်ခြင်းသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရွှေရောင်မေတ္တာဖောင်ဒေးရှင်း ပရဟိတအဖွဲ့မှ စေတနာရှင်များ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ပါဝင် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## ဟိုပန်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြ

**ဟိုပန် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အတွင်း စိုက်ပျိုးထားသည့် နယ်စပ်ဘိန်းအစားထိုးခြံ၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများနှင့်အတူ ဇူလိုင် ၈ ရက်က ဆောင်ရွက်သည်။



ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမိုးကျော်က တောင်သူများအနေဖြင့် လက်ရှိအခြေအနေတွင် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်မားလာသည့်အတွက် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧကကုန်ကျစရိတ်များပြားခြင်း၊ ယခင်က ဓာတုမြေဩဇာများ ဆက်တိုက်အသုံးပြုထားခြင်းကြောင့် မြေဆီလွှာအာဟာရဓာတ်များ လျော့ကျလာခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးချိန်မရောက်မီ ယခုလို သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပင်ကို ၄၅ ရက်သားတွင် ထယ်ထိုးမြေမြှုပ်စိုက်ပျိုး၍ အစားထိုးသုံးစွဲခြင်းဖြင့် ဓာတုမြေဩဇာများ လျှော့ချသုံးစွဲနိုင်မည်ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် သစ်စိမ်းမြေဩဇာကို အသုံးပြုကြရန် အကြံပြုပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပင် ထယ်ထိုးမြေမြှုပ်ကွင်း တစ်ဧက၌ မြေဆီလွှာတွင် လိုအပ်သော အပင်အတွက် အာဟာရဓာတ်များ ထွက်ရှိနှုန်း ဘိုင်အိုမက်စ်တန်ချိန်များကို လက်တွေ့တွက်ချက်ပြသခြင်းနှင့် သစ်စိမ်းမြေဩဇာဖြင့် စိုက်ပျိုးထားသည့် ယာစပါးအမျိုးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို တောင်သူများအားပြသပြီး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**ဇင်ဇင်(ပြန်/ဆက်)**

## နမ့်တဘက်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပြီး ဇာပြာပိုက်လှောင်အိမ် အလုံး ၂၀ ပေးအပ်

**ဟိုပုံး ဇူလိုင် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ငါးရိက္ခာဖူလုံစေရန်၊ လူတစ်ဦးချင်း ငါးစားသုံးမှုမြင့်မားလာစေရန်၊ ဒေသတွင်း ငါးသယံဇာတပေါကြွယ်ဝစေရန်၊ တိုင်းရင်းငါးမျိုးများပြုန်းတီးခြင်းမှ ကာကွယ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး နမ့်တဘက်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၈ ရက်က ပြုလုပ်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ညီညီတင်နှင့် ဦးခွန်လှသိန်း၊ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်ထွန်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံရှမ်းတိုင်းရင်းသားများက ငါးဖိန်းကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများသည် ဒေသတွင်းတစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဇာပြာပိုက်လှောင်အိမ်အလုံး၂၀ ကို ဟန်လွဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံများထံ ပေးအပ်ခဲ့သည်။

**ထက်ထက်(ဟိုပုံး)**




## မကွေးနည်းပညာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ အိပ်ဆောင်သစ် တည်ဆောက်လျက်ရှိ

**မကွေး ဇူလိုင် ၁၀**

မကွေးမြို့ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ အိပ်ဆောင်အဖြစ် အာစီ သုံးထပ်ဆောင်ကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူများက ဇူလိုင် ၈ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။



ကျောင်းသားအိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျောင်းသား ကျောင်းသူ အိပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ ကျောင်းဝင်းသန့်ရှင်းသာယာလှပရေးအတွက် သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိရန် မှာကြားပြီး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်ဆန်းက အဆောက်အအုံသစ်ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅၈ ဒသမ ၁၁၆ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ၂၁၁ ပေ x ၁၄၃ ပေ ၆ လက်မ အကျယ်အဝန်းရှိကြောင်း၊ အဆောက်အအုံပြီးစီးပါက ကျောင်းသား ကျောင်းသူ ၂၄၀ အထိ ထားရှိနိုင်မည်ဖြစ်ကြောင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုရေးရာဝန်ကြီးက ကျောင်းသားအိပ်ဆောင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မကွေးနည်းပညာတက္ကသိုလ်ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကို ပါမောက္ခချုပ်ထံ ပေးအပ်ခဲ့သည်။

**ကိုအောင်**

## ဓာတ်မြေဩဇာတစ်အိတ် သဘာဝမြေဩဇာ သုံးအိတ်တွဲဖက်အသုံးပြုရေး ရန်ကုန်တိုင်းဒေသကြီး စပါးစိုက်တောင်သူများအား အသိပညာပေး



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဇူလိုင်ပထမပတ်က မိုးစပါးစိုက်ပျိုးနေမှုကိုတွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပျိုးထောင်စိုက်ပျိုးမှုနှင့် မျိုးစေ့ချစိုက်ပျိုးမှုဧက ခြောက်သောင်းကျော် စိုက်ပျိုးထားပြီးဖြစ်ရာ တောင်သူတို့လိုအပ်သော ဓာတ်မြေဩဇာကို သက်ဆိုင်ရာ မြို့နယ်တို့တွင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိသလို သဘာဝမြေဩဇာကို အကျိုးရှိစွာထုတ်ယူအသုံးပြုနိုင်ရန် နည်းစနစ်များကိုလည်း ဖြန့်ဝေထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် ထွက်နှုန်းလျော့ကျမှုမရှိစေရန်အတွက် ဓာတ်မြေဩဇာ တစ်အိတ်လျှင် သဘာဝမြေဩဇာ သုံးအိတ် ရောစပ်အသုံးပြုနိုင်ရန် သဘာဝမြေဩဇာထုတ်ယူအသုံးပြုနိုင်မည့် နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနက မိုးရာသီမတိုင်မီကပင် တောင်သူများအား မြို့နယ်အလိုက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကြည်က "မိုးစပါးမစိုက်မီမှာ မြေဆီလွှာအတွက် သစ်စိမ်းမြေဩဇာအသုံးပြုနိုင်ဖို့ နည်းစနစ်ပိုင်းဆိုင်ရာ အသိပညာပေးခဲ့ပါတယ်။ လိုက်နာဆောင်ရွက်မှု များလာမယ်ဆိုရင် အသုံးချမှုလည်း များလာမှာပါ။ ပြီးတော့ သဘာဝမြေဩဇာဖြစ်တဲ့ အီးအမ်ဘိုကာရှီ မြေဩဇာ၊ ငါးအမိုင်နိုစတာတွေကို ဓာတ်မြေဩဇာနဲ့ တွဲဖက်ပြီး ပိုပြီးအကျိုးရှိအောင်အသုံးပြုနိုင်ဖို့ ဆောင်ရွက်ထားတာလည်းရှိတယ်။ စပါးခင်းမြေဩဇာကျွေးချိန်မှာ ၁ အချိုး ၃ ဖြစ်တဲ့ ဓာတ်မြေဩဇာ တစ်အိတ်မှာ သဘာဝမြေဩဇာသုံးအိတ် သုံးစွဲတတ်ဖို့နဲ့ ပင်ခြား၊ တန်းခြားစတဲ့ စိုက်ပျိုးနည်းစနစ်မှန်ကန်ဖို့၊ အကျိုးရှိစွာအသုံးချတတ်ဖို့ကိုလည်း ပညာပေးထားပါတယ်"ဟု ပြောသည်။

သဘာဝမြေဩဇာကို တွဲဖက်အသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ကာ သွင်းအားစုကုန်ကျစရိတ်ကို သက်သာစေသောကြောင့် တောင်သူတို့စီးပွားဖြစ် တွက်ခြေကိုက်သော နွားချေး၊ ကြက်ချေး၊ ကောက်ရိုး၊ မြက်ခြောက်၊ စပါးခွံ၊ ဖေဒါ၊ ဟင်းသီးဟင်းရွက်စွန့်ပစ်ပစ္စည်းတို့ကို မြေဆွေးအပုံလိုက်ပြုလုပ်၍ သုံးလခန့် ဓာတ်ပြုစေပြီး သဘာဝမြေဩဇာထုတ်လုပ်အသုံးပြုခြင်းနှင့် ရွက်ဖျန်းမြေဩဇာအဖြစ် အသုံးပြုနိုင်သော ငါးအမိုင်နိုအက်စစ် ထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတို့အား လက်တွေ့သရုပ်ပြ ပညာပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၁ သိန်းကျော် စိုက်ပျိုးရန် လျာထားပြီး တောင်သူများ ကုန်ကျစရိတ်သက်သာစေရန် သဘာဝမြေဩဇာအတွက် မိုက်ခရိုအော်ဂဲနစ် နည်းလမ်းဖြင့်လည်းကောင်း၊ ထရိုင်ကိုဒါးမားမှိုဖြင့်လည်းကောင်း မြေဆွေးရရှိ အသုံးပြုနိုင်သော နည်းပညာကို ဖြန့်ဝေထားကာ စပါးစိုက်ပျိုးထားသော မြို့နယ်၊ ကျေးရွာတို့၌ တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိနိုင်သော စံပြစိုက်ကွက်များနှင့် မျိုးစေ့ထုတ်စိုက်ကွက်များကိုလည်း ဖော်ဆောင်ထားကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

# မြစ်ကြီးနားမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အခြေခံသင်တန်းဆင်း

**မြစ်ကြီးနား ဇူလိုင် ၁၀**

ကချင်ပြည်နယ်မြစ်ကြီးနားမြို့၌ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ကချင်ဇုန်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အမှတ်စဉ်(၁/၂၀၂၂) ပထမအကြိမ် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အခြေခံသင်တန်းများနှင့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်း (Barrier Free Tourism) ဖော်ဆောင်ခြင်းဆိုင်ရာ အခြေခံဝန်ဆောင်မှုသင်တန်းဆင်းပွဲကို ခေမာသီရိရပ်ကွက်ရှိ ရှမ်းမျိုးနွယ်စုများ ဓမ္မာရုံ၌ ယမန်နေ့က ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြစ်ကြီးနားရုံးခွဲ ညွှန်ကြားရေးမှူး ဦးခိုင်ဦးက သင်တန်းဖွင့်လှစ်နိုင်မှုအပေါ် အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့သော အစိုးရအဖွဲ့ဝင်တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းဆင်းပွဲတွင် ဆုရရှိသူများနှင့် သင်တန်းအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့သူများကို တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ (ဝဲပုံ)

အဆိုပါသင်တန်းကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၁၃၇ ဦး တက်ရောက်ကာ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းများကို စာတွေ့ လက်တွေ့ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း အမျိုးသားအဆင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဟိုတယ်တစ်လုံးနှင့် ဒေသဆိုင်ရာအဆင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ဟိုတယ်အလုံးပေါင်း ၄၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်မှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်နိုင်ရေးတွက် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရေး အစီအစဉ်အဖြစ် ယခုကဲ့သို့သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြစ်ကြီးနားရုံးခွဲမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပလောက်မြို့၌ မိုးစပါးစိုက်ရာသီတွင် လယ်ဧက ၁၅၀၀၀ ကျော်နှင့် တောင်ယာစပါး ဧက ၃၀၀ ကျော် စိုက်ပျိုးမည်

**ပလောက် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့၌ ယခုနှစ် မိုးစပါးစိုက်ရာသီတွင် လယ်ဧက ၁၅၄၉၈ ဧကအပြင် တောင်ယာစပါး ၃၁၃ ဧကကို စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုအခါ လယ်ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသော်ဇင်ထွန်းထံမှ သိရသည်။

တနင်္သာရီတိုင်း ဒေသကြီးအတွင်းမှ ဒေသဝမ်းစာဖူလုံမှုမရှိသော အချို့သောမြို့နယ်များတွင် မိုးစပါးစိုက်ဧက နည်းပါးလျက်ရှိသော်လည်း လူဦးရေနည်းပါးသည့် ပလောက်မြို့တွင် မိုးစပါးစိုက်ဧက ၁၅၄၉၈ ဧကအပြင် တောင်ယာစပါး ၃၁၃ ဧကကိုလည်း စိုက်ပျိုးမည်ဖြစ်ရာ ဒေသဝမ်းစာ ဖူလုံသည့်အပြင် ပိုလျှံကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှူးက "တောင်သူတွေအနေနဲ့ စနစ်တကျ လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးမယ်ဆိုရင် စပါးအထွက်နှုန်း ပိုကောင်းပါမယ်။ ဒါ့အပြင် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ပြီး ရေသွင်းမြောင်း ရေထုတ်မြောင်းနဲ့ ကုန်ထုတ် လမ်းတွေကိုလည်း စနစ်တကျ ဖောက်လုပ်ဖို့ လိုပါတယ်။ မြေဆီမြေဩဇာကောင်းဖို့အတွက် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ဖို့လည်း လိုပါတယ်"ဟု ပြောသည်။

ပလောက်မြို့ရှိတောင်သူများ အနေဖြင့် ဒေသမျိုးစပါးဖြစ်သော စပါးကြီး (သက်တမ်းကြီးစပါး) မျိုးစပါးများကို အဓိကစိုက်ပျိုးလျက်ရှိပြီး တောင်ယာစပါးစိုက်ခင်းများတွင် ဒေသမျိုးများဖြစ်သော ခေါက်မလိ၊ ခေါက်ဒင်စသည့် တောင်ယာစပါးမျိုး အနည်းငယ်ကို စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ အထွက်နှုန်းကောင်းသော ဆင်းသုခ၊ ဆင်းသွယ်လတ်နှင့် အရည်အသွေး ကောင်းသော ပေါ်ဆန်းရင်၊ ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းဘေးကြားများကိုလည်း စိုက်ပျိုးလာကြကာ ဒေသမျိုးစပါးက တစ်ဧကလျှင် စပါး ၆၅ တင်းမှ ၇၀ ဝန်းကျင်နှင့် အထွက်ကောင်း မျိုးစပါးများက တစ်ဧကလျှင် စပါး တင်း၈၀ မှ ၁၀၀ ကြားထွက်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း၊ EM ဘိုကာရှီ ပြုလုပ်သုံးစွဲနည်း၊ အထွက်နှုန်း ကောင်းသောမျိုးများ ပြောင်းလဲသုံးစွဲရန်နှင့် ပိုးမွှားရောဂါ ကျရောက်မှုကို ကာကွယ်ရန် တောင်သူပညာပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။



ပလောက်မြို့တွင် ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ လူဦးရေ ၃၉၀၀၀ ကျော် နေထိုင်ပြီး စပါးအပြင် ရော်ဘာ ၁၁၆၂၄ ဧက၊ ကွမ်းသီး ဧက ၅၀၀၀ ကျော်၊ သီဟိုဠ် ၃၈၈၈ ဧက၊ ဆီအုန်း ဧက ၈၀၊ ဥယျာဉ်ခြံသီးနှံစုံ (ကျွဲကော၊ ကြက်မောက်၊ သရက်၊ ဒူးရင်း၊ မာလာကာ) ဧက ၂၀၀၀၀ ခန့်နှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း ၈၄ ဧကကိုလည်း စိုက်ပျိုးထားကာ ဒေသဝမ်းစာ ဖူလုံမှုမှာ ၁၄၈ ဒသမ ၂၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## ပဲခူးမြို့နယ်စာရေးဆရာအသင်း တတိယအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

**ပဲခူး ဇူလိုင် ၁၀**

ပဲခူးမြို့နယ်စာရေးဆရာအသင်း တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်က ပြုလုပ်သည်။

ရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးပိုင်၊ ပဲခူးခရိုင်ဦးစီးမှူး ဒေါ်ရင်ရင်နု၊ ပဲခူးမြို့နယ်စာရေးဆရာအသင်းမှ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပဲခူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)က တတိယအကြိမ် စာပေညီလာခံနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ မြို့နယ်စာရေးဆရာအသင်း နာယက ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်-ပဲခူး)က ယခုနှစ် မေ ၂၂ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံမှ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး အသင်း အတွင်းရေးမှူး စာရေးဆရာ လင်းအာရုဏ်ဦး(ပဲခူး)က အသင်းတိုးတက် ရေးအတွက် အကြံပြုဆွေးနွေးသည်။

**တင်စိုး(ပဲခူး)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော ကြမ်းခင်းဖယောင်းပုဆိုးလိပ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၂၅၀၀၀)နှင့် WESTLAKE အမျိုးအစား မော်တော်ကားတာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၆၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဥ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ကိတ်မုန့်ပြုလုပ်ရာတွင် အသုံးပြုသော စားသောက်ကုန် ပစ္စည်းများနှင့် လက်ဖက်ခြောက် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၃၅၀၀၀)နှင့် အဆိုပါ စားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား (၆) ဘီး ကုန်တင်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၃၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်ရှိ ကျောက်မဆင်ကြိုးဝိုင်းနှင့် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ်နှင့် ဒီးဒူးခွဲသား (၁၃ ဒသမ ၈၆၂) တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၃၇၁၁၂၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (ဓာတ်ပုံ)

ထို့အပြင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဟားခါးမြို့မရဲစခန်း စခန်းမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဟားခါး – မတူပီကားလမ်း ကျောဘုတ် စစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟားခါးမြို့မှ မတူပီလမ်းသို့ မောင်းနှင်လာသော Mitsubishi Pajero GD1 အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၉၇၁၁၂၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့နယ်တွင် Sodium Acetate များ ဖမ်းဆီးရမိ



အောင်ရဲဇော်(ခ)ကိုဖြိုး၊ စိုင်းလှမောင်(ခ)ရှမ်းကုလား၊ ရဲဝင်းလတ်(ခ)ကိုရဲ၊ တင်မောင်(ခ)ဆင်ဒူးနတ်နှင့် စိုင်းနော်ခမ်း(ခ)အိုက်ပေါက် တို့အား သိမ်းဆည်းရမိသည့် Sodium Acetate များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအနီးတွင် စိုင်းနော်ခမ်း (ခ) အိုက်ပေါက် မောင်းနှင်လာသည့် ပရိုဘောက်အမျိုးအစားမော်တော်ယာဉ်နှင့် အောင်ရဲဇော်(ခ)ကိုဖြိုး မောင်းနှင်လာသည့် ဝုစ် အမျိုးအစား မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ပရိုဘောက် အမျိုးအစား မော်တော်ယာဉ်ပေါ်မှ Sodium Acetate ၅၀၀ ကီလိုကို လည်းကောင်း၊ ဝုစ် အမျိုးအစား မော်တော်ယာဉ်ပေါ်မှ Sodium Acetate ၅၀၀ ကီလိုကို လည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကားဂိတ်တွင် Sodium Acetate များ သယ်ဆောင်ခိုင်းသူ တင်မောင်(ခ)ဆင်ဒူးနတ် ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာရှိ ခရီးသွား ဝန်ဆောင်မှုဂိတ်တွင် ရဲဝင်းလတ်(ခ)ကိုရဲနှင့် စိုင်းလှမောင်(ခ)ရှမ်းကုလားတို့ နှစ်ဦးကို Sodium Acetate ၈၇၅ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းနော်ခမ်း(ခ) အိုက်ပေါက်(၂၅)နှစ်၊ အောင်ရဲဇော်(ခ)ကိုဖြိုး(၃၄)နှစ်၊ တင်မောင်(ခ)ဆင်ဒူးနတ်(၅၃)နှစ်၊ ရဲဝင်းလတ်(ခ)ကိုရဲ (၄၃)နှစ်နှင့် စိုင်းလှမောင်(ခ) ရှမ်းကုလား (၃၆)နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ ငွေကျပ် ၁၇၁၆ ဒသမ ၄၈ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

ဇူလိုင် ၉ ရက် နံနက် ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်တွင် ဇော်သန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏ခါးပတ်အိတ်နှင့် ဆိုင်ကယ်တူးဘောက်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၈၂၄ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၇ နာရီခွဲက မောင်တောမြို့နယ် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု ရွှေဇား(အလယ်)ကျေးရွာနေ အေနာအူလ္လာ ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဇော်သန်း(၃၆)နှစ်နှင့် အေနာအူလ္လာ(၄၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



ဇော်သန်းနှင့် အေနာအူလ္လာ တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**တာချီလိတ်**

ထို့အတူ ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် လုစီ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏ မိုးကာအင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

**နောင်ချို**

ဇူလိုင် ၈ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ဈေးရပ်ကွက်ရှိ နောင်ချိုတိုးဂိတ်အကျော် ရှောင်ကွင်းလမ်းတွင် အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆိုင်ကယ် မောင်းနှင်သူမှာ ထွက်ပြေးသွားပြီး



မိုးဆန်းဦး ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆိုင်ကယ်နောက်တွင် လိုက်ပါလာသည့် မိုးဆန်းဦး ကို ဖမ်းဆီးရခဲ့ကာ ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းနှစ်ယောက်တွဲအမျိုးသားပြိုင်ပွဲ ကချင်ပြည်နယ်အသင်း အနိုင်ရဗိုလ်စွဲ

**နေပြည်တော် ဇူလိုင် ၁၀**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းမှုဖြင့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရှိ၌ ယနေ့နံနက် ၈ နာရီမှစတင်၍ ကျင်းပရာ နှစ်ယောက်တွဲ အသင်းလိုက် (အမျိုးသား) ဆီမီးဖိုင်နယ်တွင် ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်း ကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရသည်။




ဆက်လက်၍ နှစ်ယောက်တွဲ အသင်းလိုက်(အမျိုးသား) တတိယ လုပွဲယှဉ်ပြိုင်ရာ ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် ကချင်ပြည်နယ် အသင်းက မွန်ပြည်နယ်အသင်း ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲ သည်။

**အားကာမောင်**

## MNL ပြိုင်ပွဲတွင် ရောဝတီအသင်း နှစ်ပွဲဆက် ဂိုးပြတ်နိုင်ပွဲရ

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့အဖြစ် ရောဝတီနှင့် မဟာယူနိုက်တက်အသင်းတို့ ဇူလိုင် ၁၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီယူနိုက်တက်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။



နှစ်သင်းစလုံး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည်။ ပွဲအစငါးမိနစ်မှာပင် နေဦးလွင်က မဟာယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူသည်။ ပွဲအစတွင် မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသည့် ရောဝတီအသင်းသည် ချေပဂိုးပြန်ရရန် တိုက်စစ်ပြန်မြှင့်လာပြီး ချေပဂိုးကို ၁၄ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်း ၃၄၊ ၃၉ မိနစ်တွင် ကောင်းမြတ်သူက နှစ်ဂိုးဆက် သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်း ၆၈၊ ၇၁ မိနစ်တွင် ရန်ကျော်ထွေးက နှစ်ဂိုးဆက်သွင်းယူကာ ဟက်ထရစ်ရခဲ့ပြီး ၇၇ မိနစ်တွင် စည်သူနိုင်က တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ရောဝတီအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကျော်ထွေးသည် ယခုရာသီ၏ပထမဆုံး ဟက်ထရစ်ရှင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ပွဲစဉ် (၃) တတိယနေ့ကို ဇူလိုင် ၁၁ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ - MNL**



## ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၀**

၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရှိ၌ ယနေ့နံနက် ၈ နာရီမှစတင်၍ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါ ၂၀၂၂ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B) ရှိ၌ နေ့စဉ်နံနက် ၈ နာရီမှ စတင်၍ ဆက်လက်ယှဉ်ပြိုင်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## စတားလင်းကို ခေါ်ယူရန် ချယ်ဆီးအသင်း သဘောတူညီမှုရရှိပြီ

ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းသည် အင်္ဂလန်တောင်ပံကစားသမား စတားလင်းကို ခေါ်ယူရန် မန်စီးတီးအသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားအတွက် ပြောင်းရွှေ့ကြေးသည် အပိုဆုကြေးအပါအဝင် ပေါင်သန်း ၅၀ အထိ ရှိနိုင်ပြီး တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် ငါးနှစ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ အသက် ၂၇ နှစ်အရွယ်ရှိ စတားလင်းသည် မန်စီးတီးအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန် ရှိနေသေးကြောင်း သိရသည်။

မန်စီးတီးအသင်းသည် စတားလင်းကို ၂၀၁၅ ခုနှစ်တွင် ပေါင် ၄၉ သန်းဖြင့် ခါးသီးပြိုင်ဘက် လီဗာပူးအသင်းထံမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အီတီဟက်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၃၉ ပါဝင်ကစားထားပြီး ၁၃၁ ဂိုးသွင်းယူပေးထားသည်။ ဒါ့အပြင် စတားလင်းသည် အီတီဟက်၌ အောင်မြင်မှုသရဖူစိုက်ထူထားနိုင်သူဖြစ်ပြီး မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ကာရာဘောင်ဖလားတို့ ဆွတ်ခူးထားသူ ဖြစ်သည်။

စတားလင်းကို ချယ်ဆီးအသင်းအပြင် နာမည်ကြီးအသင်းများဖြစ်သည့် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။




## မန်စီးတီးအသင်း၌ ကာလရှည်စာချုပ်သစ် ဖီးလ်ဖိုဒင် ချုပ်ဆိုမည်

ဖီးလ်ဖိုဒင်သည် ယခုနှစ် နွေရာသီတွင် မန်စီးတီးအသင်း၌ ကာလရှည်စာချုပ်သစ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာချုပ်သစ်တွင် ဖိုဒင်သည် တစ်ပတ်လုပ်ခ ပေါင် ၂၀၀၀၀၀ ရရှိဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် အင်္ဂလန်ကစားသမား ဖိုဒင်သည် လွန်ခဲ့သည့် ခြောက်လခန့်က တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ဖြင့် ကမ်းလှမ်းရန် နီးစပ်ခဲ့သော်လည်း ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး စဉ်းစားဆုံးဖြတ်ရန် အလို့ငှာ ရာသီကုန်အထိ စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းကြောင့် မန်စီးတီး အကယ်ဒမီထွက် ကစားသမား ဖိုဒင်အတွက် လုပ်ခလစာပိုမိုရရှိရန် ဖြစ်လာခဲ့ပြီး လာမည့် ခြောက်ရာသီတွင် အပိုဆုကြေး ပေါင် ၁၅ သန်း ရရှိလာဖွယ်ရှိနေသည်။

ဖိုဒင်သည် ယမန်နှစ်က မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးရရှိရာတွင် အသင်းအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ကစားခွင့်ရရှိခဲ့သူ ဖြစ်သည်။ ဖိုဒင်သည် လက်ရှိအချိန်အထိ မန်စီးတီးအသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၁၆၉ ပွဲ ပါဝင်ကစားထားပြီး ၄၅ ဂိုး သွင်းယူပေးထားသည်။ ထို့အပြင် အဆိုပါ ကစားသမားသည် မန်စီးတီး အသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ကာရာဘောင်ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။




## ဘိုင်ယန်မြူးနစ်ခံစစ်ကစားသမား အိုမာရစ်ချတ်စ်ကို နော်တင်ဟမ်အသင်း ခေါ်ယူ

တန်းတက်နော်တင်ဟမ်ဖောရက်စ် အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ဗဟိုခံစစ်ကစားသမား အိုမာ ရစ်ချတ်စ်ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်လိုက်သည်။ အင်္ဂလန် ယူ-၂၁ ခံစစ်ကစားသမားဟောင်းသည် နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ အသက် ၂၄ နှစ်အရွယ် ရစ်ချတ်စ်သည် ၂၀၂၁ ခုနှစ်တွင် ရီးဒင်းအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ပြီးခဲ့သည့်နှစ် အသင်းအတွက် ၁၇ ပွဲ ပါဝင်ကစားထားကာ ဘိုင်ယန်မြူးနစ်အသင်း (၃၂) ကြိမ်မြောက် ဘွန်ဒက်စ်လီဂါ ဖလားဆွတ်ခူးရန် ကူညီပေးထားနိုင်သူဖြစ်သည်။

၎င်းသည် ယခုနှစ်နွေရာသီတွင် ဒိန်းဟန်ဒါဆင်၊ မူဆာ နစ် ဟိတ်၊ ဘိုင်ကွန်နှင့် တာဝိုအယိုနီရီတို့ပြီးနောက် နော်တင်ဟမ်အသင်း၏ ငါးဦးမြောက်ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။

**အောင်ဇော် - စုစည်းသည်**



နာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B)(WIPO,DL - 101 Switzerland)
ရှေးမှုမပျက်စေတော်မှီ လှပသောနာမည်လှလှလေးများ ကိုဖုန်းသာဆက်လိုက်ပါ ကုန်အမှတ်တံဆိပ် ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့ ကြွေးမြီပြန်ရ ချစ်သူစုံတွဲ တစ်နှစ်စာ ဟောစာတမ်းဈေးရောင်း ကောင်းဖို့၊ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံပါဝင်သော အကြားအမြင် ဟောစာတမ်းပါဦး မည် ကလေးအတွက် အစုံပါ သည်နှယ်သို့ စာတိုက်မှပို့မည် လူကြီးများ လိုရာမေးကွန်ပျူတာဖြင့် နာမည် မပေးပါ၊ ကိုယ်တိုင်စီစဉ် မိစင်ရက်ကောင်း ရွေး စာအုပ်ချုပ် ၍ ပို့သည်၊
အမှတ်(၉) ဒုထပ်၊ (၈၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ (ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၃၀၀၄၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိသိန်းဝင်း ၇/တငန(နိုင်)၁၄၂၃၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ




## အများသိစေရန်ကြေညာခြင်း

ဒေါ်ကြည်ကြည်မြင့် (၁၂/တမန (နိုင်)၀၈၃၁၂၄)မှ နေထိုင်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄ - ရပ်ကွက်၊ သရဖီ (၁)လမ်း၊ အိမ်အမှတ် - ၉၉၉(ခ) နှင့် ယင်းအိမ်အဆောက်အဦ တည်ရှိရာ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၄၊ မြေကွက်အမှတ် - ၉၉၉(ခ)၊ မြေအတိုင်းအတာ -မျက်နှာစာ ၂၁ပေ x နောက်ဘက် ၄၃ပေ၊ ဘေးဘက် (၁) - ၇၁ပေ၊ ဘေးဘက် (၂) -၆၇ပေ ကျယ်ဝန်းသာ ဒေါ်စကီနာဘီ (CE-၀၃၁၈၅၃)အမည်ဖြင့် မြေကွက်တို့ကို တစ်ဦးတည်းပိုင်ဆိုင်ထားလျက် အရှုပ်အထွေးလုံးဝကင်းရှင်းပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံတာဝန်ယူကာရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် လက်ခံ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၄.၇.၂၀၂၂) ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်ကြည်ကြည်မြင့်သို့ စရန်ငွေအဖြစ် ပေးထားပြီးဖြစ်ပါသည်။

အဆို ပါ အရောင်းအဝယ်ပြုလုပ်သော အိမ်နှင့်မြေကွက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ကြောင်း ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းမူရင်းဖြင့် ကျွန်ုပ်ထံအောက်ပါလိပ်စာအတိုင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းထိန် B.A, H.G.P, R.L, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် - ၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၃၉၊ ပထမထပ်၊ ဝဲ)အခန်းသည် ဦးခင်မောင်အေးနှင့်ဒေါ်မြင့်ထွေး အမည်ပေါက်သောအခန်းဖြစ်ပါသည်။ အဆိုပါအခန်းနှင့် သက်ဆိုင်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကတိပြုသူ ဒေါ်မြင့်ထွေး ၁၂/ကတတ(နိုင်) ၀၂၅၉၄၈ထံမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဦး ၁၂/မဂတ(နိုင်) ၀၉၃၉၈၇**
**အမှတ်(၁၇)၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၈၃၇၀၇၈၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း(ဇေယျဝတီလမ်း)၊ အမှတ်(၄၅/၄၇)ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့်(၅)ထပ်တိုက်၏ ဒုတိယထပ် (ခေါင်းရင်းအစွန်ဆုံး၊ အခန်းအမှတ်-၉)၊ (အလျား ပေ ၁၅ x အနံ ၅၅ ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးစိန်ထွန်း(S/RGN-005976)ကွယ်လွန်၏ သားသမီးများဖြစ်ကြသော ရောင်းချသူ(၁)ဒေါ်စန်းစန်းမြင့် ၁၂/ဒဂန(နိုင်) ၀၀၈၈၈၀၊ (၂)၊ ဦးတင်ဝင်း ၁၂/ဒဂန(နိုင်) ၀၀၁၉၁၆၊ (၃)ဒေါ်အေးနွဲ့ထွန်း ၁၂/ဒဂန(နိုင်) ၀၀၁၉၁၇ မောင်နှမ(၃)ဦးကတရားဝင် ပူးတွဲပိုင်ရှင်များအဖြစ်အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကြသည့်အတွက် ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ် နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ဗိုလ်ဗိုလ် ၁၂/စခန(နိုင်) ၀၅၀၄၇၉ နှင့်**
**ဒေါ်အေးဝါလှိုင် ၇/ဖမန(နိုင်) ၀၁၁၂၅၂တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစန္ဒာယမုံအေး(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၇၇)**
**ဖုန်း-၀၉-၅၄၀၀၁၂၈၊ ၀၉-၄၄၈၃၆၈၀၀၃၊ ၀၉-၄၅၀၀၃၄၁၄၃**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့်ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”** စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်) ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# စကိုင်းနက်ရွှေအောင်လံ လက်ဝှေ့ပြိုင်ပွဲများ အလဲမထိုးနိုင်ဘဲ ပူးတွဲသရေပွဲများဖြစ်ခဲ့

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စကိုင်းနက်(SKYNET)တို့ ပူးပေါင်းကျင်းပသောစကိုင်းနက် ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲ ကီလိုတန်းအလိုက် ဖိုင်နယ်ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲ၌ အထူးလေးချီစိန်ခေါ်ပွဲတွင် ထက်နိုင်အောင်(ရွှေသထုံ)နှင့် ယျူးခလိန်းအောင် (ဖလုံပညာ့တဝေ့ါ) တို့ အလူးအလဲပူးတွဲသရေဖြစ်ခဲ့ကာ မိုးမှောင်(ဘီလပ်မြေစက်ရုံ)နှင့် အောင်မင်းထွန်း (ဖလုံပညာ့တဝေ့ါ)ပြိုင်ပွဲမှာ အကြိတ်အနယ် ထိုးသတ်သော်လည်း ပူးတွဲသရေကျခဲ့ကာ ပရိသတ်ကြိုက်ဖြစ်ခဲ့သည်။

ရွှေအောင်လံပွဲဖိုင်နယ်ပွဲတွင် ၆၀ ကီလိုတန်း၌ ဟိန်းထွန်းအောင်(ရွှေသထုံ)နှင့် စောဘဟိန်း (ဘီလပ်မြေစက်ရုံ) တို့ ပြိုင်ပွဲတွင် စောဘဟိန်းက ဟိန်းထွန်းအောင်ကို ငါးချီပြည့် ပါးပါးနပ်နပ်ထိုးလိုက်ဆုတ်လိုက်ကစားသွားခဲ့ရာ ဒိုင်သုံးဦးက စောဘဟိန်းကို အမှတ်ဖြင့်အနိုင်ပေးလိုက်သည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် နက္ခမင်း(ဖွဲ့ကပင်မြေ) နှင့် အဲမွှီ (နဂါးမင်း) တို့ယှဉ်ပြိုင်ပွဲတွင် အဲမွှီ ဘယ်ညာလက်သီး တွဲလုံးကြောင့် နက္ခမင်း ပထမအချီ၌ အနာတရဖြစ်ပြီး ဆရာဝန်က ဆက်လက်ယှဉ်ပြိုင်ခွင့်ပြုသဖြင့် ထိုးသတ်သော်လည်းနှစ်ဦးစလုံးသက်လုံးကောင်းကာ ငါးချီပြည့် အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးက အမှတ်ဖြင့် အဲမွှီကို အနိုင်ပေးခဲ့သည်။။



၆၀ကီလိုတန်း ဟိန်းထွန်းအောင်(ရွှေသထုံ)နှင့် စောဘဟိန်း (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ထို့ပြင် ၆၇ ကီလိုတန်းတွင် စောမင်းမင်း (ရွှေသထုံ)နှင့်ကမ္ဘာ့ရှား (AMT2)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ငါးချီပြည့်ထိုးသတ်ခဲ့ရာ ဒိုင်သုံးဦးကအမှတ်ဖြင့် စောမင်းမင်းကို အနိုင်ပေးလိုက်သည်။ ၇၀-၇၁ ကီလိုတန်းတွင် စောမင်းအောင် (တောင်ကလေး) နှင့် ကြယ်ကြီး(G3G) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီ၌ ကြယ်ကြီးက မင်းထက်အောင်ခြေထောက်ကို ဖြတ်သိမ်းခဲ့ရာ ကြယ်ကြီး ခြေထောက်ဒဏ်ရာရခဲ့ကာ အနားတောင်းခဲ့ပြီး ဒုတိယအချီတွင် မင်းထက်အောင်က ကြယ်ကြီးခြေထောက်ကို ပြန်လည်ဖြတ်သိမ်းခဲ့ရာ ကြယ်ကြီးအမှတ်စဉ် ၁၀ အထိ ရေတွက်ခံရကာ အရှုံးပေးလိုက်ရသည်။

ပြိုင်ပွဲအပြီးဆုပေးပွဲကိုကျင်းပရာ အထူး လေးချီစိန်ခေါ်ပွဲတွင် ထက်နိုင်အောင်(ရွှေသထုံ)နှင့် ယျူးခလိန်းအောင် (ဖလုံပညာ့တဝေ့ါ) မိုးမှောင် (ဘီလပ်မြေစက်ရုံ)နှင့် အောင်မင်းထွန်း (ဖလုံ ပညာ့တဝေ့ါ) ပြိုင်ပွဲတို့ကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် ၆၀ ကီလိုတန်း ဗိုလ်လုပွဲတွင် ရွှေအောင်လံဆုရ စောဘဟိန်းကို သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ရွှေအောင်လံဆုရ အဲမွှီ (နဂါးမင်း)ကို ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်းကလည်းကောင်း၊ ၆၇ကီလိုတန်းတွင် ရွှေအောင်လံဆုရ စောမင်းမင်း (ရွှေသထုံ)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က လည်းကောင်း ဆုဖလားနှင့် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်ကြသည်။

ထို့နောက် ၇၀-၇၁ ကီလိုတန်းတွင် ရွှေအောင်လံဆုရ စောမင်းအောင် (တောင်ကလေး) ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဆုဖလားနှင့် ငွေကျပ် ၁၅ သိန်းချီးမြှင့်ပြီး မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်သို့ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၀၃ ဆူ | ၄၁၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၉ ခန်း | ၄၀၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၁ တိုင် | ၁၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၇ တိုင် | ၆၃ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၈ ကျင်း | ၁၆၂၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းထောင်ဖောက်ခဲ့

နေပြည်တော် ဇူလိုင် ၁၀

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီး တံခွန်မြို့နယ် (ဈ)ရပ်ကွက်ရှိ အမှတ် (၂၇)အခြေခံပညာ အထက်တန်းကျောင်း၏ အနောက်ဘက် အုတ်တံတိုင်းခြံစည်းရိုး အပြင်ဘက် ၆၀ (C) လမ်းဘေးရှိ ရေမြောင်းအနီး၌

*စာမျက်နှာ ၁၁ ကော်လံ ၁* ▼





ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်ရှိ အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်း၏ အနောက်ဘက် အုတ်တံတိုင်းခြံစည်းရိုး အပြင်ဘက်၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိမှုမှတ်တမ်းဓာတ်ပုံ။

## အာဆီယံ အမျိုးသမီးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတက်ရေး အရေးပါသည့် ပွဲအဖြစ် မြန်မာနှင့် လာအို ယနေ့ကစားမည်

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့ကို ဇူလိုင် ၁၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အကြိုဗိုလ်လုပွဲ တက်ရောက်ရေး အရေးပါသည့်ပွဲအဖြစ် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စတုတ္ထနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် လာအိုအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၉ ရက် ပွဲစဉ်များအပြီးတွင် မြန်မာနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲကစားခြောက်မှတ်စီ၊ လာအိုအသင်းက သုံးပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား တစ်မှတ်ရရှိထားကာ တီမောအသင်းက နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ ယနေ့ကစားမည့်ပွဲများမှာ မြန်မာနှင့် ဗီယက်နမ်အသင်းတို့အတွက် အကြိုဗိုလ်လုပွဲ တက်ရောက်ရေး အရေးပါနေပြီး အနိုင်ရရှိပါက နောက်ဆုံးပွဲမတိုင်မီ အကြိုဗိုလ်လုပွဲ တက်ရောက် ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် တီမောအသင်းကို ခုနစ်ဂိုးပြတ်၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုးပြတ်အနိုင်ရထားပြီး လာအိုအသင်းမှာမူ တီမောကို

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

ယနေ့ သတင်းအညွှန်း

**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆေးကုသရန်သွားသည့် သားအမိ နှစ်ဦး PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိ**

ပြည်တွင်းသတင်း စာ - ၁၁

**အမေရိကန်နိုင်ငံ၌ Monkeypox ရောဂါ ဖြစ်ပွားမှုအရေအတွက် မြင့်တက်လာ**

နိုင်ငံတကာသတင်း စာ - ၁၃

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ**

ကျောင်းသင်ခန်းစာ စာ - ၁၈